မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉၉)

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရရှိသည့် အခွင့်အရေးများကို အပြည့်အဝအသုံးချ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၆

ပဉ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် အစည်းအဝေးတက်ရောက်လာကြသူများအားလုံး နှစ်သစ်တွင် အတွေးသစ် အမြင်သစ်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ကြစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး အကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းပြည်၏ လိုအပ်ချက်များအပေါ်တွင် ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေတိုရေရှည်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိမိနိုင်ငံ၏ လိုအပ်ချက်၊ နိုင်ငံတကာနှင့် ပတ်ဝန်းကျင်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် သဟဇာတဖြစ်မည့် ပြည်သူကိုဗဟိုပြုသော စီမံကိန်းတစ်ရပ် ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ အချိန်မီတင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းရေးဆွဲရာတွင် မိမိတို့နိုင်ငံတွင်း၌ ရှိနေသည့် သဘာဝအရင်းအမြစ်များ၊ ယင်းသဘာဝအရင်းအမြစ်များကို နိုင်ငံသားများအတွက် အကျိုးရလဒ်များ ခံစားစေနိုင်အောင် အကောင်အထည်ဖော်ပေးနိုင်မည့် လူသားအရင်းအမြစ်များ၊ ကုန်ထုတ်နိုင်စွမ်းရှိသည့် လုပ်သားများ၊ ငွေကြေးအရင်းအမြစ်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ ■

တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျတိုးတက်မှသာပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ ဒေသအလိုက်ဖွံ့ဖြိုးရေးစီမံကိန်း(Local Level Plan)များ စနစ်တကျရေးဆွဲပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်။

စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းလေဆိပ် ၃၀ ကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးမည်

ရန်ကုန် ဇန်နဝါရီ ၆

ခရီးသွားလုပ်ငန်းများ ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍပိုမိုတိုးမြှင့်ပါဝင်လာစေရန်အပြင် မြို့ပြလေကြောင်း အဆောက်အအုံနှင့် နည်းပညာအဆင့်အတန်းမြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းလေဆိပ် ၃၀ ကို ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် Registry of Interest ကို ယခုဇန်နဝါရီလအတွင်း အဆိုပြုလွှာ ပေးပို့နိုင်ပြီဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ပြည်တွင်းလေဆိပ်ပေါင်း ၃၀ ကို ဝန်ဆောင်မှုပြုလုပ်နိုင်ရန် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ အဆိုပြုလွှာပေးပို့နိုင်သည်။ ထိုသို့ Registryof Interest ကိုပေးပို့ရာတွင် ဆောင်ရွက်လိုသည့် လေဆိပ်အမည်၊ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

ထို့အပြင် မိမိဆောင်ရွက်လိုသည့် လေဆိပ်တစ်ခုလုံး လွှဲပြောင်းရယူလုပ်ကိုင်လိုမှု ရှိ မရှိ၊ လေဆိပ်တည်ဆောက်ရေးအပိုင်း၊ လေဆိပ်ဝန်ဆောင်မှုအပိုင်းအပြင် လေဆိပ်နှင့်ပတ်သက်သော အခြားလုပ်ငန်းများစသည်ဖြင့် ဖော်ပြကာ ခွဲခြားတင်ပြရန်လိုအပ်ကြောင်း သိရသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်တွင်းရှိ လေဆိပ် ၃၀ကို ပုဂ္ဂလိကသို့ လုပ်ကိုင်နိုင်စေရန်အတွက် အချက်အလက်များကိုလည်း ပုဂ္ဂလိကလုပ်ငန်းများက တောင်းဆိုပါက ပေးသွားရန် စီစဉ်ထားသည်။

အဆိုပါ ပြည်တွင်းလေဆိပ်များကို ပုဂ္ဂလိကများအား လုပ်ကိုင်စေရာတွင် ပွင့်လင်းမြင်သာမှုရှိသော တင်ဒါစနစ်ဖြင့် ရွေးချယ်တာဝန်ပေးသွားမည်ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက

စာမျက်နှာ ၃ ကော်လံ ၃ ✻

သတင်း-ဝေယံဦး

လေဖိအားနည်းရပ်ဝန်း အားလျော့မည်ခန့်မှန်း

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ခဲ့ပြီး မန်နာပင်လယ်ကွေ့သို့ ရောက်ရှိကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟုခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(မိုး/ဇလ)**

■ နိုင်ငံတကာ

ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲ လက်ရှိပါတီအနိုင်ရ

သတင်းစာမျက်နှာ ➤ ၄

■ ပြည်တွင်း

မော်လမြိုင်ရုပ်သံစက်ရုံမှ မူလလျှင် အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

သတင်းစာမျက်နှာ ➤ ၁၁

■ နိုင်ငံတကာအားကစား

အက်ဖ်အေဖလား အာဆင်နယ်နှင့် ကိုပင်ထရီတွေ့မည်

သတင်းစာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာနိုင်ငံနှင့် အာဆီယံဥက္ကဋ္ဌတာဝန်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အာဆီယံ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန်အသင့်ဖြစ်နေပြီဖြစ်ပါသည်။ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌဖြစ်သည်နှင့်အညီ ဤ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဒေသတွင်းနိုင်ငံများအားလုံး၏ ရေးရာအဖြာဖြာတို့နှင့် စပ်လျဉ်းပြီး အစည်းအဝေးများကို ဦးစီးဦးဆောင်ပြု၍ ကျင်းပပေးရမည်ဖြစ်ပါသည်။

အမှန်စင်စစ် ဤအာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက လွယ်လွယ်ကူကူရရှိခဲ့ခြင်းမဟုတ်ပါ။ တိုးတက်ပြောင်းလဲလာသောနိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးဆက်ကြောင့်ဆိုလျှင် မှားမည်မဟုတ်ပေ။ ကျွန်ုပ်တို့နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဖော်ဆောင်နေချိန်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်လည်း ဆက်ဆံရေးအရှိန် တိုးမြှင့်နေချိန်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အာဆီယံနိုင်ငံများအကြား ယုံကြည်ကိုးစားမှု တိုးလာသည့်အလျောက် အာဆီယံဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိလိုက်ခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ၂၀၁၁ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးကြီးတွင် အဖွဲ့ဝင်ထိပ်သီးခေါင်းဆောင်များက သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ဘရူနိုင်းနိုင်ငံထံမှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် လွှဲပြောင်းရယူခဲ့ပါသည်။

ယခုအခါ အဆိုပါဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် အိမ်ရှင်မြန်မာနိုင်ငံက အသင့်ဖြစ်နေပြီဖြစ်ပါသည်။ ပြည်ပမှလာရောက်မည့် နိုင်ငံခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး အစစအရာရာအဆင်ပြေအောင် ဆောင်ရွက်နိုင်ရန်အသင့်ရှိနေပြီဖြစ်သည်။ ဤသို့ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်အတွင်း ထိပ်သီးအစည်းအဝေး နှစ်ကြိမ်အပါအဝင် ဆက်စပ် အစည်းအဝေးများ စုစုပေါင်းအစည်းအဝေး ၃၀၀ နီးပါးကို လက်ခံကျင်းပခွင့်ရရှိမည်ဖြစ်သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခွင့် ရရှိခြင်းသည် နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သာမက နိုင်ငံသားအားလုံးကလည်း မိမိတို့ကျရာအခန်းကဏ္ဍမှ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဤအစည်းအဝေးကြီး ကျင်းပခွင့်ရလိုက်ခြင်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါသည်။

တစ်ဖန် မြန်မာနိုင်ငံက ဤတာဝန်ကိုထမ်းဆောင်ခွင့်ရလိုက်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အရေးကောင်းလည်း ရရှိမည်ဖြစ်ပါ သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၏ဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်လာမည့် အာဆီယံအသိုက်အဝန်းအတွက်လည်း ၂၀၁၄ ခုနှစ်အတွင်း မူဘောင်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်၍ မြန်မာနိုင်ငံသည် အာဆီယံ၏အရေးပါသော အခန်းကဏ္ဍကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေး မြန်မာနိုင်ငံသားအားလုံးက ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံယူသည့် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

မန္တလေး ဇန်နဝါရီ ၆

ဇန်နဝါရီ ၄ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် ထုတ်ပြန်ကြေညာခဲ့သော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံယူသည့် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ဆရာတော်ကြီးများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ သစ်တောသတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက သွားရောက်ဖူးမြော်ကြည်ညိုကာ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ချမ်းမြသာစည်မြို့နယ် မဟာဝိဇယရံသီ စလေကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယအားလည်းကောင်း၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဌာနမှူးဆရာတော် ဘဒ္ဒန္တအာသဘတို့အားလည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးကျောင်းတိုက်မှ ဘဒ္ဒန္တဇောတိကဆရာတော်တို့အား ဖူးမြော်ကြည်ညိုကာ သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ထင်သာမြင်သာ ပြုပြင်စရာ

လမ်းထိပ်အမှိုက်ပုံကြောင့် စိတ်အနှောင့်အယှက်ဖြစ်

ဘာသာသာသနာ တည်တံ့ပြန့်ပွားရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ တရားကုသိုလ်ရှင်များက ရပ်ကွက်ကျေးရွာများတွင် တရားပွဲများကို ကျင်းပလျက်ရှိရာ တရားရှာ၊ တရားနာလိုသူများ ခရီးတစ်ထောက်သွားစရာမလိုဘဲ မိမိရပ်ကွက်၊ မိမိလမ်းတွင် တရားပွဲများကျင်းပကြရာ လှိုင်သာယာ အမှတ်(၇)ရပ်ကွက် မြို့မငြိမ်းလမ်းမကြီးပေါ်တွင် တရားဓမ္မသံတို့ဖြင့် လွှင့်ပျံ့လျက်ရှိသည်။

အဆိုပါ တရားပွဲကို ဇန်နဝါရီ ၂ ရက်မှ ၁၂ ရက်အထိ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ကိုးပါးက တရားရေအေးများ တိုက်ကျွေးလျက်ရှိရာ အဆိုပါ တရားပွဲကျင်းပရာ မြို့မငြိမ်းလမ်းမကြီးနှင့်ထိစပ်နေသော ဗညားဒလလမ်းမနှင့်ဆုံရာ လမ်းဆုံတွင် အမှိုက်ပုံကြီး ပြည့်လျှံနေသည်မှာ ၁၅ ရက်ကျော်ပြီဖြစ်ပြီး သိမ်းဆည်းသယ်ယူခြင်းမရှိသောကြောင့် အနီးဝန်းကျင်ရှိ နေအိမ်များ၊ ဈေးသွား၊ ဈေးပြန်နှင့် စက်ရုံဆင်းအလုပ်သမားများ၊ ဆွမ်းခံဆရာတော်များ အမှိုက်ပုံမှထွက်ရှိသော အနံ့အသက်ဆိုးများကို ရှူရှိုက်နေရ၍ ကျန်းမာရေးအတွက် စိုးရိမ်ရသည့်အပြင် အမှိုက်ပုံအနီးတွင် တရားပွဲမုခ်ဦးဝနှင့် တရားပွဲအကျိုးဆောင်များ အလှူခံဌာနနှင့်အတူ ဆရာတော်ကြီးများ၏ ပုံတော်များအနီးတွင် လမ်းပေါ် လျှံကျနေသောအမှိုက်ပုံနှင့် အမြင်မတင့်တယ်မှုကြောင့် တရားနာပရိသတ်နှင့် လမ်းသူလမ်းသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြောင်း သိရသည်။ **(အောက်ပုံ)**

မြို့နယ်အတွင်းရှိ အမှိုက်ကန်များတွင် ဆီးဂိမ်းမတိုင်မီမှစ၍ ယနေ့ချိန်အထိ အမှိုက်များပြည့်လျှံလျက်ရှိပြီး အဓိကလမ်းမကြီးနှင့် ဈေးအနီးနားရှိ အမှိုက်များကိုသာ သိမ်းဆည်းသည့်အတွက် အတွင်းလမ်းများ၌ အမှိုက်ကန်များ လျှံကျနေခြင်းဖြစ်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

အပျိုတော်ယိမ်းအကအဖွဲ့အား တနင်္သာရီတိုင်းဒေသကြီး၌ ဂုဏ်ပြု

ထားဝယ် ဇန်နဝါရီ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ဖွင့်ပွဲ/ ပိတ်ပွဲတွင် ပွဲဦးအလင်္ကာယိမ်းအကဖြင့် ပါဝင်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး သဘင်ပညာအစည်းအရုံးက အပျိုတော်ယိမ်းအကအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီက ထားဝယ်မြို့ ဆန်းချိုရပ် တိုင်းဒေသကြီး သဘင်ပညာအစည်းအရုံး၌ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက ဂုဏ်ပြုချီးကျူးစကားပြောကြားပြီး တက်ရောက်လာသော အပျိုတော်ယိမ်းအကအဖွဲ့ကို ဂုဏ်ပြုလွှာများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးတင်သိန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောတောင်ရှိမှ စမ်းရေရ၏

UMTA မဟာတိုး ခရီးသွားလာဘုရားဖူးအဖွဲ့ Golden
နှစ်သစ်ကူးလက်ဆောင် 2014 - Jan 05,12,19,26
Feb- 02,09,12,16,23,26
Mar- 02,09,12,16,23,26,30
Apr- 06,09,13,20,23,27
၇ - သိန်း | ၅ - သိန်း
Nice Fare Travel Co.,Ltd.
AYARWADDY LEGEND

(၁၁) ကြိမ်မြောက်သက်ကြီးဆရာဝန်များပူဇော်ပွဲကျင်းပမည်
မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၁၁)ကြိမ်မြောက်သက်ကြီးဆရာဝန်များပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် နံနက် (၉)နာရီမှ (၁၂)နာရီအထိ ...
အငြိမ်းစားဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)

ပြည်တွင်းသတင်း

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ H.E.Ms. PARK Young-sun ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ဦးအေးမောက်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. LEE Baek Soon လည်းတက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကြသည်။

(သတင်းစဉ်)

အမှတ်တရဓာတ်ပုံရိုက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ H.E. Ms. PARK Young-sun တို့ အမှတ်တရဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၌ တရားမအထွေထွေလျှောက်ထားမှုများ စီရင်ချက်ချ၊ ကြားနာ

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)ခြောက်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၆

အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၁/၄၅) ကြိမ်မြောက် အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)ဆိုင်ရာ ကော်မတီများ အစည်းအဝေးတို့ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော် ရွှိုင်ရယ် ကုမုဒြာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၁/၄၅)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရေးနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များ၊ သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး၊ ဦးစားပေးပေါင်းစည်းမည့်ကဏ္ဍများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အစည်းအဝေးအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စများ၊ အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ဖက်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်လက်ညှိနှိုင်းရန်ကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

(၅)ကြိမ်မြောက် အေအီးစီဆိုင်ရာကော်မတီများ အစည်းအဝေးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းအောက်ရှိကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၁၆)ခုတို့သည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများသို့ တင်ပြလမ်းညွှန်မှုခံယူမည်ဖြစ်သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ဌာနများမှ တာဝန်ခံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုဂံတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးအစည်းအဝေးတွင် သတင်းရယူမည့် မီဒီယာသမားများအဆင်ပြေစေရေး စီစဉ်ထားရှိ

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်ရာတွင် ပထမဦးဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ASEAN Foreign Minister's Meeting Retreat, AMM(Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ပုဂံမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondents' Club) အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးရဲနိုင် (အထွေထွေမန်နေဂျာ) ၀၆၇-၃၆၁၃၇၊ ၀၆၇-၄၁၂၁၁၉၊ ၀၉-၈၃၀၆၃၅၈ သို့ လည်းကောင်း၊ ဦးလှိုင်မြင့် (ညွှန်ကြားရေးမှူး) ၀၆၇-၄၁၂၂၆၊ ၀၉-၄၉၂၀၅၀၀၄ npemoi@gmail.com, myogyi.npe@gmail.com သို့ လည်းကောင်းဆက်သွယ်၍ **၁၀-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား** အမည်စာရင်း ပေးပို့ကြရမည်ဖြစ်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် ဗီဇာလျှောက်ထားရာတွင် နီးစပ်ရာသံရုံးများမှတစ်ဆင့် လျှောက်ထားကြရမည်ဖြစ်သည်။ ပြည်တွင်း/ ပြည်ပမှ သတင်းထောက်များအနေဖြင့် သတင်းထောက်ကတ် လျှောက်ထားရယူရန် လျှောက်လွှာပုံစံအား ASEAN Webportal ဖြစ်သော www.asean 2014.gov.mm events ခေါင်းစဉ်အောက်ရှိ asean 2014 summit,more detail, ASEAN Foreign Minister's Meeting Retreat, AMM (Retreat) တွင် ဗီဇာပုံစံကို download ရယူနိုင်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ သတင်းထောက်ကတ်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ သတင်းဌာနဖုန်း- ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၈၆ (ဒီဇင်ဘာ)မှ ၁၉၉၄ (မတ်)ထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ပညာသင်ယူခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ပေးပါရန်-

နေ့ရက် - ၁၁-၁-၂၀၁၄ရက် (စနေနေ့)
အချိန် - နံနက် ၁၀ နာရီ
နေရာ - တက္ကသိုလ်များဓမ္မာရုံ

မိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်းကြွရောက်ပါရန်
၁၁-၁-၂၀၁၄ရက် (စနေနေ့) ညနေ ၆ နာရီတွင်
Western Park Restaurant-1 သခင်မြပန်းခြံ၊ အလုံမြို့နယ်။

*** *ရှေ့ဖုံးမှ***

လေဆိပ်များတည်ရှိရာ နေရာဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ပုဂ္ဂလိကသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးမည့် လေဆိပ်များမှာ ကျောက်ဖြူ၊ ပူတာအို၊ ဟုမ္မလင်း၊ ဗန်းမော်၊ လားရှိုး၊ လွိုင်ကော်၊ မုံရွာ၊ ဘုတ်ပြင်း၊ မော်လမြိုင်၊ ပုသိမ်၊ ခန္တီး စသည့် လေဆိပ်များဖြစ်သည်။

(မြန်မာ့အလင်း)

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ (၄.၁.၂၀၁၄)ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဘုတာရုံလမ်း၊ ခြံအမှတ်(၁၈)နေ (ကျေးဇူးရှင်ဖခင်ကြီး) ဦးစွေသိုင်း အား နိုင်ငံတော်မှ သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

(သားကြီး) ကိုသန်းဝင်း - မဖြူဖြူသက်၊ မြေး-မောင်ကောင်းထက်စံ၊ မလရောင်ဝင်းလက်
(သားငယ်) ကိုဇော်ဝင်း - မမေသန်းစိုး၊ မြေး-ဆုဆုပြည့်ဇော်ဝင်း
(သမီးကြီး) ကိုသူရဆွေမြင့် - မသန္တာဌေး၊ မြေး-သုသီရိဆွေမြင့်
(သမီးငယ်) မအိန္ဒြာထွန်း

နိုင်ငံတကာသတင်း

တရုတ်နိုင်ငံပလီတစ်ခုအတွင်း အချင်းချင်းတိုးတိုက်မိရာမှ ၁၄ ဦးသေဆုံး

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ရှားဒေသ၏ ဗလီတစ်ခုတွင် လူအစုအဝေးလိုက် ရုတ်ရုတ်သဲသဲဖြင့် တိုးတိုက်မိကြရာမှ ၁၄ ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသမီဒီယာများက ဖော်ပြသည်။

ဘာသာရေး ခေါင်းဆောင်တစ်ဦးကို ရည်စူး၍ အထိမ်းအမှတ်ပွဲအဖြစ် ကျင်းပရန် စုဝေးနေချိန် ရိုးရာအစားအစာများဝေငှနေစဉ် ယင်းကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

ကွေယန်မြို့ အနောက်ဘက် ၃၅ မိုင်အကွာရှိ စီကျိမြို့၌ ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဖြစ်ပွားခဲ့သည့် အဆိုပါ ဖြစ်စဉ်အကြောင်းရင်းမြစ်ကို စုံစမ်းနေဆဲ ဖြစ်သည်။

ရုတ်ရုတ်သဲသဲ

ဒဏ်ရာရသူများတွင် လေးဦးမှာ အခြေအနေဆိုးရွားသည်ဟု သိရသည်။ အုပ်စုရုတ်ရုတ်သဲသဲဖြင့် တွန်းတိုက်မိဖြစ်ပွားအပြီး မြေပေါ်၌ အဝတ်များ၊ ရှူးဖိနပ်များ ပြန့်ကျဲနေသည်ကို တွေ့ရသည်။

ဗလီအတွင်း စုဝေးနေသူအုပ်စုမှာ ဟွေ လူမျိုးစုအုပ်စုများဖြစ်ကြပြီး အများစုမှာ အဆိုပါဒေသတွင် အခြေချနေထိုင်ကြကာ ၎င်းတို့သည် တရုတ်နိုင်ငံရှိ အစ္စလာမ်ဘာသာဝင် လူမျိုးစုတစ်စုလည်း ဖြစ်သည်။

(ဘီဘီစီ)

ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲ လက်ရှိပါတီအနိုင်ရ

ဒါကာ ဇန်နဝါရီ ၆

ရုန်းရင်းဆန်ခတ်မှုများကြားမှ ကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကြီးတွင် ကနဦးရလဒ်များအရ လက်ရှိ အာဏာရပါတီဖြစ်သော အဝါမီလိဂ်က အငြင်းပွားဖွယ်မရှိ အနိုင်ရခဲ့ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ပါလီမန်၏ အမတ်နေရာ ၃၀၀ အနက် ထက်ဝက်လျော့လျော့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အတိုက်အခံပါတီက ရွေးကောက်ပွဲကို သပိတ်မှောက်ထားသည်။

ယမန်နေ့ မဲဆန္ဒပေးပွဲကာလအတွင်း လူ ၁၈ ဦးအနည်းဆုံး သေဆုံးခဲ့ပြီး ရွေးကောက်ပွဲမတိုင်မီကာလတွင်လည်း ဒါဇင်နှင့်ချီပြီး သေဆုံးခဲ့ရသည်။

ရွေးကောက်ပွဲကို မဲပေးခွင့်ရှိသူ ၂၀ ရာခိုင်နှုန်း ကျော်ကျော်မျှသာ မဲပေးခဲ့ကြရာ အစိုးရ အာဏာပိုင်များက အကြမ်းဖက်မှုများနှင့် သပိတ်မှောက်မှုများကြောင့် ဖြစ်ကြောင်း ပြောကြားသည်။ ၂၀၀၈ ခုနှစ်ပါလီမန် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းကျော်က မဲပေးခဲ့သည်။

အတိုက်အခံ ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီ (BNP)၏ ဦးဆောင်မှုဖြင့် ၄၈ နာရီကြာ သပိတ်မှောက်မှုကို ပြီးခဲ့သည့် စနေက စတင်ခဲ့ပြီး ပါတီအကြီးအကဲ ခါလီဒါဇီရာက ၎င်း၏ နောက်လိုက်များအား အထွေထွေသပိတ်ကြီး ဖြစ်ပေါ်လာစေရေး တွန်းအားပေးလျက်ရှိသည်။

၎င်းက လက်ရှိအာဏာရပါတီ၏ ရွေးကောက်ပွဲအနိုင်ရရှိနိုင်မှုအပေါ် ရက်ဖွယ်ကောင်းသည့် ပြက်လုံးတစ်ခုအနေနှင့် ထုတ်ဖော်ကြေညာသည်။

မည်သို့ပင်ဆိုစေကာမူ တရားဝင်မဲအချက်အလက်များအရ လက်ရှိ အာဏာရပါတီအနေနှင့် အစိုးရသစ်အဖြစ် ဆက်လက်တာဝန်ယူရမည် ဖြစ်သည်။

(ဘီဘီစီ)

အိန္ဒိယနိုင်ငံ၏ AAP ပါတီက အထွေထွေရွေးကောက်ပွဲဝင်ရန် ပြင်းဆိုမည်ဟုဆို

နယူးဒေလီ ဇန်နဝါရီ ၆

အိန္ဒိယနိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးပါတီဟု လူသိများသော AAP ပါတီသည် ယခုနှစ်၏ အထွေထွေရွေးကောက်ပွဲဝင်ရောက်ရန် ပြင်းဆိုလိမ့်မည်ဖြစ်ကြောင်း ၎င်းပါတီခေါင်းဆောင်များထဲမှ တစ်ဦးက ပြောကြားခဲ့သည်။

မကြာသေးမီက မြို့တော်ဒေလီ ရွေးကောက်ပွဲ၌ လက်ဖျားခါရလောက်အောင် ပွဲဦးထွက် အနိုင်ရရှိသွားသူ AAP ပါတီသည် အနည်းဆုံး ၁၅ နေရာမှ နေရာ ၂၀ ထိရှိမည့် ကိုယ်စားလှယ်လောင်းနေရာများကို အလျှော့ပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

AAP ပါတီသည် လက်ရှိတွင် ကွန်ဂရက်ပါတီ၏ ထောက်ခံမှုဖြင့် ဒေလီမြို့တော်အစိုးရတွင် ဦးဆောင်နေသည်။ ပါတီခေါင်းဆောင်မှာ အိန္ဒိယနိုင်ငံအရေးတက်ကြွလှုပ်ရှားသူ လူဟောင်းတစ်ဦးဖြစ်ပြီး ယခုအခါ ဒေလီမြို့တော်ဝန်တာဝန်ကို ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းက အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ပြီး နိုင်ငံရေးဒုစရိုက်များ ရှင်းလင်းဖယ်ရှားပေးမည်ဟု ကတိပြုထားသည်။

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ပါတီခေါင်းဆောင်များ စာရင်းကို ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာမည်ဖြစ်သည်ဟု သိရသည်။

အကျင့်ပျက်ခြစားသည်ဟု စွပ်စွဲချက်ခံရသည့် ကိုယ်စားလှယ်လောင်းများ၊ ဥပဒေချိုးဖောက်မှုဖြင့် တရားရင်ဆိုင်နေရသူ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမှ ထုတ်ပယ်ခံရမည်ဖြစ်သည်။ **(ဘီဘီစီ)**

အစ္စရေးရောက် ရွှေ့ပြောင်းနေထိုင်သူများ ဆန္ဒပြချီတက်

ဝါရှင်တန် ဇန်နဝါရီ ၆

အစ္စရေးအစိုးရ၏ အရေးယူဆက်ဆံမှုအပေါ် မကျေမနပ်ဖြစ်ကာ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ထောင်ပေါင်းများစွာသော အာဖရိကန် ရွှေ့ပြောင်းနေထိုင်သူများက ချီတက်ဆန္ဒပြကြသည်။

ချီတက်ဆန္ဒပြသူအများစုမှာ အီရီထရီယန်နှင့် ဆူဒန်နိုင်ငံသားများဖြစ်ကြပြီး တရားခွင်တွင် တရားဝင်စစ်မေးခြင်းမရှိဘဲ တရားမဝင် အခြေချနေထိုင်ရန် ဝင်လာသူများကို တစ်နှစ်ကြာအောင်ထိန်းသိမ်းထားခွင့်ပြုခြင်းနှင့် ပတ်သက်သော ဥပဒေကို စိတ်ဆိုးဒေါသထွက်ကာ ဆန္ဒပြကြခြင်းဖြစ်သည်။

၎င်းတို့က တရားဝင်အလုပ်လုပ်ခွင့်ပြုရန် နိုင်ငံခိုလှုံခွင့်ကို လက်ခံပေးရန် တောင်းဆိုကြသည်။

"ကျွန်တော်တို့က ဒုက္ခသည်တွေပါ။ လွတ်လွတ်လပ်လပ်နေလိုပါတယ်။ အကျဉ်းထောင်ထဲမှာမနေလိုပါ"ဟု အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များက အော်ဟစ်ကြွေးကြော်ကြသည်။

ချီတက်ဆန္ဒပြမှုသည် ငြိမ်းချမ်းသွားပြီဟု အစ္စရေးရဲတပ်ဖွဲ့ ပြောခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူအချို့သည် အစ္စရေးနိုင်ငံတွင် လုပ်ခလစာနည်းနည်းဖြင့် အလုပ်လုပ်ကာ နှစ်များစွာကြာအောင် နေလာသူများဖြစ်ကြပြီး ၎င်းတို့သည် မိခင်နိုင်ငံတွင်းမှ ပဋိပက္ခများညှဉ်းပန်းမှုများမှ ထွက်ပြေးလာရသူ ဒုက္ခသည်များဖြစ်သည်ဟု ပြောကြသည်။ "အိမ်ပြန်မလား။ ဒါမှမဟုတ် အစ္စရေးထောင်တွင်းမှာပဲ ဘဝကိုအဆုံးသတ်မလားဆိုတာကပဲ သူတို့အတွက် ရွေးချယ်မှုရှိပါတယ်"ဟု ဆိုကြသည်။ **(ဘီဘီစီ)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၅၇၅၇၃၊ Honda Wave M/C ဆိုင်ကယ်လက်ဝယ်ရှိသူ Thit Sar Moe Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)

ပျောက်ဆုံးကြောင်း

ကျွန်မ မဝင်းမာဦး၏ မ·န·လ အမှတ်-MA.123811 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၅၀၅၅၅၉၀ ကို ဆက်သွယ်ပေးပါရန်။

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉ ၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရွှေဘုရင်ဆောက်လုပ်ရေး၊ မြန်မာ့အလှဆောက်လုပ်ရေးတို့ ပူးပေါင်းအကောင်အထည်ဖော်သော ကမ္ဘာအေးကွန်ဒိုမီနီယမ်စီမံကိန်းနယ်မြေမှ တစ်ခန်းလျှင် အကျယ်အဝန်းအားဖြင့် ၈၀၀ စတုရန်းပေရှိသော ဦးမောင်လှ ၁၂/မရက(နိုင်)၁၂၁၂၄၉ နှင့် ဦးစန်းမြင့် ISM-၅၂၇၈၁၄ တို့ပိုင်ဆိုင်သော တိုက်အမှတ် ၁၃၊ အခန်းအမှတ် ၀၀၂၊ ဝါယာလက် ၃ လမ်း၊ ကမ္ဘာအေးအိမ်ရာ၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သောတိုက်ခန်းအား ၎င်းတို့မှ ပြန်လည်ရောင်းချမည်ဖြစ်၍ ကျွန်မ၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ (တရားလွှတ်တော်ရှေ့နေ)
၁၂/မရက(နိုင်)၀၂၇၃၁၅
ဖုန်း-၀၉-၅၀၂၉၅၆၆

ပြည်တွင်းသတင်း

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဂျပန်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံ ဂျပန်ဘုရင်မင်းမြတ် အကီဟီတိုက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းစသည်ဖြင့် ဖော်ပြသည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝန်ကြီးချုပ်မစ္စတာ ရှင်ဇိုအာဘေးကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဗ္ဗဒူဟာမစ်ကဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံက ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံလျက် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်သက်တော်ရာကျော်ရှည်ပြီး မြန်မာနိုင်ငံ၏ငြိမ်းချမ်းသာယာဝပြောရေး ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာ ဆီနာကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် အမွေအနှစ်များ အခြေခံအားဖြင့် တူညီသောဆက်ဆံရေးရှိပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုမှာလည်း တူညီသော သမိုင်းကြောင်းရှိပါကြောင်း၊ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုမှ ဆက်လက်တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းစသည်ဖြင့် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းတဲ့ ချိုဟွန်ဆင်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုတောင်းပတ္ထနာပြုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်ကာလကြာရှည်စွာချစ်ကြည်ရင်းနှီးခဲ့ကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံရည်မှန်းချက်မှာလည်း အခြေခံအားဖြင့်တူညီပါကြောင်း၊ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်များအတွင်း အာဆီယံအသိုက်အဝန်းမှ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးစီးပွားများ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ မကြာမီက (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကိုလည်း လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ဖော်ပြောဆိုအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

ကျူးဘားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ်ကက်စရိုရုဇ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ဆက်လက်ဖော်ပြပါမည်

ဘော်လီဘောမိသားစု လူမှုရေးအသင်း၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ဘော်လီဘောမိသားစု လူမှုရေးအသင်းက ကြီးမှူးကျင်းပမည့် (၁၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်အသင်း (ရန်ကုန်) ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ပညာရည်ချွန်ဆုပေးပွဲအတွက် အသင်းဝင်များ၏ သားသမီးများအနေဖြင့် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အလှူငွေ လှူဒါန်းလိုသူများအနေဖြင့် ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၁၀၁၅၈၊ ဦးတင့်လွင် ဖုန်း-၀၉-၄၃၁၈၀၀၃၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၄၂၀၀၅၂၈၉၊ ဦးညီညီလွင် ဖုန်း-၀၉-၄၂၀၆၁၅၀၀၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၄၈၉၆၂ နှင့် ဦးမျိုးမြင့် ဖုန်း- ၀၉-၂၅၄၁၁၀၄၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဖိုးသော်ဇင်

အရည်အသွေးမမီ စားသုံးရန်မသင့်သောဆီများ တရုတ်ပြည်မှဝင်

ကသာ ဇန်နဝါရီ ၆

အဆင့်မမီပြောင်းဆီများတင်သွင်းကာ ဓာတုဗေဒပစ္စည်းများနှင့်အရောင်ချွတ်ပြီး အဆင့်မြင့်ဆီများအဖြစ် ရောင်းချနေခြင်းသည် စားသုံးသူများအတွက် အလွန်အန္တရာယ်ကြီးပါသည်။ အဆင့်မမီဆီများတင်သွင်းလာသော ဝိသမလောဘ စီးပွားရေးလုပ်ဆောင်မှုများကြောင့် အများပြည်သူကျန်းမာရေးထိခိုက်စေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးအရေးယူသင့်ပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဗန်းမော်မြို့မှ ကသာမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော အမြန်ယာဉ်ရှပ်ပြေးတစ်စင်းပေါ်၌တင်ဆောင်လာသော ပြောင်းဆီများကို တွေ့ရစဉ်။ သတင်းနှင့်ဓာတ်ပုံ-ဟိန်းမင်းနိုင်(ကသာ)

ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး ဆောင်ရွက်ခြင်း

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဗဟန်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ကျိုက္ကဆံ-ရွှေဂုံတိုင် 33 KV ဓာတ်အားလိုင်းကို ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်း ကြံ့ခိုင်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အင်ဂျင်နီယာတို့က ဦးစီး၍ ဝန်ထမ်းများနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိတ္ထီလာအထက(၃) အာစရိယပူဇော်မည်

မန္တလေး ဇန်နဝါရီ ၆

မိတ္ထီလာမြို့ အထက(၃) (ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၃-၅-၂၀၁၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါ၍ တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာကြီး ဆရာမကြီးများ ကန်တော့ခံကြွရောက်ပါရန်နှင့် ၂၀-၄-၂၀၁၄ ရက်နေ့ထက် နောက်မကျစေဘဲ ဦးမြင့်သိန်း (စိန်သော့) ဖုန်း ၀၉-၂၅၆၂၅၂၁၉၀၊ ဒေါ်အမာခင် ဖုန်း ၀၉-၄၀၂၆၈၄၆၄၈၊ ဒေါ်အေးမြစိုး ဖုန်း ၀၉-၄၇၁၁၂၇၄၈၊ ဒေါ်တင်တင်အုန်း ဖုန်း ၀၉-၄၉၂၉၃၀၈၇ တို့သို့ ဆက်သွယ်ကြပါရန် ပန်ကြားထားကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့်လည်း အလှူငွေအား၊ အကြံဉာဏ်အား၊ လုပ်အားများဖြင့် ပါဝင်ကူညီကြပါရန် ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် ၀၉၂၁၂၂၀၀၀၀၉၃၆၊ ဦးချမ်းမြေ့အောင် (နေပြည်တော်) ဖုန်း ၀၉-၅၅၀၄၄၆၆၊ ဦးအက်ဒမန်(ရန်ကုန်) ဖုန်း ၀၉-၈၆၃၄၈၅၂၊ ဦးသက်မြတ်သူ (မန္တလေး) ဖုန်း ၀၉-၂၂၀၃၉၇၂၊ ဒေါ်မေဦးကျော် (ပြင်ဦးလွင်) ဖုန်း ၀၉-၅၁၃၁၁၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် Road to Aye Yar Waddy Co., Ltd. နှင့် Life Ayar Co., Ltd. တို့၏ မန်နေဂျင်းဒါရိုက်တာ **ဦးဌေးမြင့်** အား သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Life Ayar သောက်ရေသန့် ဝန်ထမ်းမိသားစု

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သောလုံခြုံရေးဆိုင်ရာစက်ပစ္စည်း၊ ဆက်သွယ်ရေးစက်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** ၉-၁-၂၀၁၄ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** ၂၂-၁-၂၀၁၄ရက်

၄။ **ကုမ္ပဏီ၏ အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်** ၂၈-၁-၂၀၁၄ ရက်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** ၃၁-၁-၂၀၁၄ရက် နံနက် ၁၀နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

ဈေးကွက်က တောင်းဆိုသည့်မော်တော်ယာဉ်များထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားသည့် ကာလ မတိုင်မီ ပြီးစီးရေး၊ သတ်မှတ် Quality များရှိစေရေး၊ ပြင်ပဈေးကွက်ကို မျက်ခြည်မပြတ်လေ့လာပြီး ဈေးကွက်က တောင်းဆိုသည့် မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ဈေးကွက်တွင် အရည်အသွေးရော ဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်ရေး၊ After Sale Service များပေးပြီး ဝန်ဆောင်မှုကောင်းများ ဆောင်ရွက်ပေးရေး၊ Production အပိုင်း ကျွမ်းကျင်ရုံသာမက Marketing အပိုင်းကိုပါ ကျွမ်းကျင်ပိုင်နိုင်စေရေး၊ မိမိအလုပ်အပေါ် စိတ်ဝင်တစားဖြင့် စေတနာထားအလေးထားဆောင်ရွက်ရေးတို့ကို မှာကြားပြီး ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းအဆောက်အအုံများနှင့် စက်ပစ္စည်းများနှင့် အရောင်းပြခန်းများ ဆောက်လုပ်ဖွင့်လှစ်မည့် မြေနေရာကိုကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်)မှ Myanmar City Bus, Myanmar Accessible Bus, Myanmar Mini Saloon, TE-31 Truck, TE-31 Oil Tanker, TE-31 Water Bowser, TE-31 Fire Fighting မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချလျက်ရှိရာ ယခုအခါ ဈေးကွက်လိုအပ်ချက်နှင့်အညီ Cargo Truck များ၊ Tractor Truck နှင့် Dump Truck များထုတ်လုပ်ရောင်းချနိုင်ရေးအတွက် China National Heavy Duty Truck Group Co.,Ltd.နှင့် ၃-၁၀-၂၀၁၂ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၄ မတ်လတွင် ပြီးစီးတော့မည်ဖြစ်ကာ ၁၀-၁၅ တန်အလတ်စားကုန်တင်မော်တော်ယာဉ်များတစ်နှစ်လျှင် အစီး ၁၅၀၀ ခန့်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုံးခွန်နှင့်အခွန်တံဆိပ်ခေါင်းများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ရောင်းချပေးနေ

နေပြည်တော် ဇန်နဝါရီ ၆

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ရှိထုတ်ဝေရောင်းချလျက်ရှိသော ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများကို ပြည်သူအများ လွယ်လင့်တကူပိုမိုအဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက်ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် တံဆိပ်ခေါင်း အရောင်းကောင်တာများကို ၂-၁-၂၀၁၄ ရက်မှစတင်၍ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများကို မိမိတို့ နေထိုင်ရာဒေသရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးတွင် လွယ်ကူစွာ ဝယ်ယူရရှိသဖြင့် နှစ်ခြိုက်သဘောကျနေကြသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများဆက်လက်ရှာဖွေ၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး ဇန်နဝါရီ ၆

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မန္တလေး၏ကေဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက အထွေထွေသွားရောဂါကု ဒီပလိုမာရရှိသူ ၁၁ ဦး၊ သွားဘက်ဆိုင်ရာဆေးပညာရှင် ၁၁၀ တို့ကို ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မန္တလေးမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်ပေါင်း ၉၇၃ ဦးနှင့်အထွေထွေသွားရောဂါကု ဒီပလိုမာရရှိသူ ၂၇ ဦးကို မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ငူရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း10 KW အစား 500 W နှင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2)သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယာယီထုတ်လွှင့်

တောင်ငူရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ ဇန်နဝါရီ ၈ ရက်မှ ၂၂ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို တောင်ငူရုပ်သံစက်ရုံမှ ၁၅ မိုင်အတွင်းရှိသော တောင်ငူ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အုတ်တွင်း၊ ထန်းတပင်မြို့နှင့် ကျေးရွာအချို့တို့သာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၅ မိုင်ကျော် နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

Analogue မှ Digital (ASO) သို့ပြောင်းလဲရေး အဆင့်ငါးဆင့်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်သွားရန်စီစဉ်ထား

ရန်ကုန် ဇန်နဝါရီ ၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က သတင်းစာရှင်းလင်းပွဲနှင့်ပတ်သက်၍ ပဏာမမိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံ) ဦးသိန်းထွန်းအောင်က ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ဆုချီးမြှင့်သည့် အခမ်းအနားနှင့်ပတ်သက်၍လည်းကောင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့သို့ ရုပ်ရှင်/ဗီဒီယိုဇာတ်ကားများ၏ ဓာတ်ပုံပိုစတာများ တင်ပြခြင်းနှင့်ပတ်သက်၍ ဖြေလျှော့ပေးမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထိုသို့ ပြောကြားရာ၌ ယခုနှစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသွင်သဏ္ဌာန်နှင့်အဆင်အပြင် ပြောင်းလဲချင်သည့်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့နှင့်ပူးပေါင်းပြီး ဤအခမ်းအနားကို ဆောင်ရွက်လိုသည့်သူများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူရွေးချယ်ခဲ့ကြောင်း၊ တင်ဒါအောင်မြင်သူအနေနှင့် ယင်းလုပ်ငန်းကို ထိတွေ့မှုအတွေ့အကြုံရှိမှုမရှိသည့် အစိမ်းသက်သက်အဖွဲ့က အောင်မြင်သွားကြောင်း၊ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးစီးဦးဆောင်မှုအခန်းကဏ္ဍကို ဦးစားပေးဆောင်ရွက်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊ ယင်းနှစ်ရပ်နှင့် ဆက်စပ်၍မိမိတို့အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြီးစီးသည့်ရက်နှင့် အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏရရှိမယ့်ရက်ကို ပြက္ခဒိန်နှစ် မကျော်စေရေးအတွက် အချိန်လု ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်နေရာမှာ မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ဆုဖလား ပြသရေးအစီအစဉ်ကို သုဝဏ္ဏလူငယ်လေ့ကျင့်ရေး အားကစားကွင်းကို ရွှေ့ပြောင်းပေးသည့်အတွက် အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏကို အသုံးပြုခွင့်ရသည့် ရက်သတ္တတစ်ပတ်အတွင်း အခမ်းအနားအဆင်အပြင်နှင့် ကျင်းပရေးအတွက် စီစဉ်မှုကို စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း။

ဤနေရာ၌ မေးစရာများရှိလာနိုင်ကြောင်း၊ ယင်းအားကစားရုံကြီးမှာ နေပြည်တော် မပြောင်းခင်ကလည်း ကျင်းပခဲ့ပါကြောင်း၊ ကြိုတင်စီစဉ်ထားလို့ရသည်များကို စီစဉ်ထား၍ မရနိုင်ဘူးလားဆိုခြင်းဖြစ်ကြောင်း၊ Stage စင်သည် ယခင်ကကဲ့သို့ အထူးတန်းပွဲကြည့်စင်နှင့် မျက်နှာချင်းဆိုင် ဆောင်ရွက်မည်ဆိုလျှင် စီစဉ်လို့ရကြောင်း၊ Stage စင်၏အနေအထားသည် အပြောင်းအလဲဖြစ်သွားသည့်အတွက် စင်အကြမ်းနေရာချထားပြီးချိန်တွင် အနုပညာရှင်များအတွက် ဝင်ဆံ့မည့်ခုံနေရာ၊ ဖိတ်ကြားမည့်သူများအတွက် သတ်မှတ်ပေးရမည့်ခုံနေရာ၊ လက်မှတ်ရောင်းချမည့် နေရာများအတွက် သတ်မှတ်ပေးမည့်ခုံနေရာ၊ အနုပညာရှင်များဝင်ရောက်ရာလမ်းနှင့် Red Carpet ခင်းမည့်နေရာ၊ မီဒီယာများသတင်းရယူရန်နေရာ စသည်တို့ကို ပြန်လည်တွက်ချက်ဆောင်ရွက်ရကြောင်း၊ (၂၂-၁၂-၂၀၁၃) ရက်နေ့ မတိုင်မီ ခန့်မှန်းလျာထားချက်တိုင်းတာပြီး (၂၂-၁၂-၂၀၁၃) ရက်နေ့နောက်ပိုင်းခန်းမတွင်း Stage စင်ဆောက်ပြီးမှသာ အသေးစိတ်ထပ်မံတိုင်းတာ၍ ခုံနံပါတ်နှင့်တကွ ဖိတ်စာများကို ဆောင်ရွက်ရခြင်းပင်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းမှာ နှစ်စဉ်ဆောင်ရွက်ရသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အနေနှင့်ခုံနေရာချထားသည့် ကိစ္စများမှာ လျာထားပေးခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထပ်မံဖြည့်စွက်ဆောင်ရွက်ရသည့်အတွက် လွဲချော်မှုတွေရှိနိုင်ကြောင်း၊ ယင်းအချက်များနှင့်ပတ်သက်ပြီး တချို့အနေနှင့် Facebook များပေါ်၌ ရေးသားတာများရှိပါကြောင်း၊ အမှန်တကယ်ရရှိသည့် အချိန်အတောအတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ရသည့်အတွက် အားလုံး၏လိုလားချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်ချက်များ ရှိမှာဖြစ်ကြောင်း၊ ဒါကိုလည်း နားလည်လက်ခံပေးနိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ ယင်းနှစ်မှာ တွေ့ကြုံခဲ့သည့် အားနည်းချက်များကိုပြင်ဆင်ပြီး နောင်နှစ်မှာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးဝင်းကြည် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနား ကျင်းပနိုင်ရန်အတွက် စိစစ်အကဲဖြတ်သည့်အချိန်ကစ၍ နောက်ဆုံးအခမ်းအနားကျင်းပပြီးစီးချိန်ထိ ဆောင်ရွက်ချက်များပေါ်မှာ လေ့လာသုံးသပ်ထားသည့် အားနည်းချက်များကို မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်းပြီး မည်သို့ပြင်ဆင်ဆောင်ရွက်မည်ဆိုသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စာရွက်ပေါ်တွင်မဟုတ်ဘဲ လက်တွေ့ကျကျဆောင်ရွက်နိုင်ဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပူးတွဲဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းနှစ်မှာ အနုပညာရှင်များ၊ ဖိတ်ကြားခြင်းခံရသည့် ဧည့်သည်တော်များ၊ လက်မှတ်ဝယ်ယူကြည့်ရှုကြသည့် ရုပ်ရှင်ချစ်ပရိသတ်များ၊ ရုပ်မြင်သံကြားအစီအစဉ်များမှ ကြည့်ရှုကြသည့် ပြည်သူလူထုများအပြင် သတင်းရယူကြမည့် မီဒီယာများအတွက်ပါ ပိုမိုကောင်းမွန်စနစ်ကျသည့်၊ အဆင်ပြေသည့် အခမ်းအနားဖြစ်စေရန် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အကယ်ဒမီအတွက် လုပ်ငန်းစတင်ဆောင်ရွက်ပြီဆိုလျှင်လည်း ကဏ္ဍနယ်ပယ်အသီးသီးက အကြံပြုချက်များ တောင်းခံဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ စာနယ်ဇင်းများအနေနှင့်လည်း အကြံပြုပေးပါ၊ Facebook များပေါ်မှာ အကြောင်းအရာအမျိုးမျိုးကို အခြေခံပြီး ရေးသားကြသည့်သူများကိုလည်း ကျေးဇူးတင်ကြောင်း။

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူနေရသော ဓာတ်ပုံ၊ ပိုစတာ၊ ကာဗာ၊ ဒီဇိုင်းများနှင့် ပတ်သက်၍ ဖြေလျှော့ပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆင်ဆာခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းပြည်ပ ရုပ်ရှင်ဇာတ်ကားများ၏ ရုံဆင်ဓာတ်ပုံ၊ ရုံဆင်ပိုစတာ ကြော်ငြာများနှင့်ပတ်သက်၍ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့လည်းကောင်း၊ ဗီဒီယိုဇာတ်ကားများ ကာရာအိုကေတေးစုများအစရှိသည့် ဗီဒီယိုထုတ်လုပ်မှုများ၏ ပိုစတာကာဗာနှင့် စီဒီ ဒီဇိုင်းများနှင့်ပတ်သက်၍ ဗီဒီယိုဆင်ဆာအဖွဲ့သို့လည်းကောင်း တင်ပြခွင့်ပြုချက်ရယူရပါကြောင်း၊ ယင်းသို့ တင်ပြနေရခြင်းနှင့်ပတ်သက်၍ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့အတွင်း ပြန်လည်ဆွေးနွေးခဲ့ရာ မိမိတို့တွင်စစ်ဆေးခွင့်ပြုခြင်းရှိနေသော်လည်း တစ်ဖက်တွင်ရှိသည့် ပုံနှိပ်မီဒီယာပိုင်းဆိုင်ရာတွင် ဖြေလျှော့ပေးနေသဖြင့် တစ်ပြေးညီဖြစ်စေရန်အတွက်လည်းကောင်း၊ မိမိတို့တင်ပြနေမှုများသည်လည်း ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းပြုလာသည့်ရုပ်ရှင်ဇာတ်ကား၊ထုတ်လုပ်ထားသည့် ဗီဒီယိုထုတ်လုပ်မှုများစသည်တို့နှင့် ပတ်သက်သည့်ဓာတ်ပုံ၊ ပိုစတာ၊ ကာဗာဒီဇိုင်းများသာဖြစ်သဖြင့်လည်းကောင်း၊ ရုပ်ရှင်ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဗီဒီယိုထုတ်လုပ်သူများအနေဖြင့် သီးခြားလာရောက်ခွင့်ပြုချက်ရယူရခြင်းနှင့် အစည်းအဝေးကျင်းပပြီးမှသာ အတည်ပြုချက်ပေးရသဖြင့် စောင့်ဆိုင်းနေရခြင်းတို့သည် ဝန်ထုပ်ဝန်ပိုး ဖြစ်စေရခြင်းကြောင့်လည်းကောင်း ဖြေလျှော့သင့်ကြောင်းဆုံးဖြတ်၍ ပြန်ကြားရေးဝန်ကြီးဌာနသို့တင်ပြပြီး ဖြေလျှော့ခဲ့ခြင်းဖြစ်ကြောင်း။ ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

မြန်မာ့ငါးမွေးမြူထုတ်လုပ်ရေးသည် အာဆီယံဒေသတွင်းအဆင့်(၄)ဖြစ်

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်ရေးကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (၄) ရပ်ကို အဆင့်ဆင့်အကောင်အထည်ဖော်လျက်ရှိရာ ပြုပြင်ပြောင်းလဲမှုအား နိုင်ငံတကာ၏အသိအမှတ်ပြုမှုကို ရရှိပြီးဖြစ်ကြောင်း၊ ယခုသင်တန်းသည် စာသင်ခန်းမှ လုပ်ငန်းခွင်သို့ဝင်ရောက်သည့် သင်တန်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ နံနက် ၇ နာရီခွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပသော ဒုတိယဦးစီးမှူးလုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ **(အပေါ်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ မိမိတို့ဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs၊ NGOs များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊ မဟာဗျူဟာမူဘောင် (၅)ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်မှုရည်မှန်းချက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သားငါးကဏ္ဍအသားတင်ထုတ်လုပ်မှုတန်ဖိုး သုံးဆအထိ တိုးတက်ထုတ်လုပ်ရေး၊ ပြည်သူလူထုအာဟာရပြည့်ဝရန် အသား၊ ငါး၊ ဥ၊ နို့စသည်တို့ကို လုံလောက်မျှတစွာ စားသုံးနိုင်ရေး ကြိုးပမ်းရန် လိုအပ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုးခြံများ၊ သားဖောက်စခန်းများ တည်ထောင်ရေး၊ အရင်းအနှီးများ မတည်ပေးရေးနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာ့ငါးမွေးမြူထုတ်လုပ်ရေးသည် အာဆီယံဒေသအတွင်း အဆင့်(၄)ဖြစ်ပြီး ကမ္ဘာတွင် အဆင့်(၉)ရှိ၍ ဤလုပ်ငန်းမှ ပြည်တွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံသည်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာမီးလင်းရေး၊ စာသင်ကျောင်းများ ပြည့်စုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ရေရရှိရေးနှင့်ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအားလည်း ဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းကမ်း၊ အလုပ်ခွင်စည်းကမ်းများကို နားလည်လိုက်နာပြီး ဝန်ထမ်းကောင်း တစ်ဦးဖြစ်ရန် သင်တန်းပို့ချပေးသော သင်ခန်းစာများကို ကြိုးစားသင်ယူ လိုက်နာကြစေလိုကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို အစွမ်းကုန် ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ဒုတိယဦးစီးမှူး ဘီဗွီအက်စ်စီဘွဲ့ရ သင်တန်းသားသင်တန်းသူ ၁၂၈ ဦးတက်ရောက်ကြပြီး ငါးရက်ကြာပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဂက်စ်ပိုက်ယိုစိမ့်မီးလောင်

ရန်ကုန် ဇန်နဝါရီ ၆

ဇန်နဝါရီ ၅ ရက် ည ၁၁ နာရီခန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငမိုးရိပ်တံတား(သယ်န်းကျွန်း)အဆင်း အမှတ်(၂)လမ်းမကြီးဘေး ချမ်းသာကွန်ကရစ်ကုမ္ပဏီအနီးရှိ ဂက်စ်ပိုက်လိုင်းပေါက်၍ အချိန်တစ်နာရီကြာမီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုသတင်းကို ဖုန်းဖြင့် ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုကို မီးသတ်တပ်ဖွဲ့မှ ည ၁၁ နာရီ ၅ မိနစ်တွင် ရရှိခဲ့သည်။ သတင်းရရှိသည်နှင့် တစ်ပြိုင်နက်တည်း မြို့နယ်စုံမှ မီးငြိမ်းသတ်ရေးယာဉ်များက ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာပြီး ငြိမ်းသတ်ပေးမှုကြောင့် ဇန်နဝါရီ ၆ ရက် နံနက် ၁ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ရခြင်းအကြောင်းမှာ ဂက်စ်ပိုက်လိုင်းယိုစိမ့်၍ ဂက်စ်မှာ ပျံ့လွင့်နေစဉ် လမ်းသွားလမ်းလာတစ်ဦးဦးက မီးဖြစ်စေသောအရာတစ်ခုပေါ့ဆစွာစွန့်ပစ်ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၃ စီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်လေးစီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့နှင့်အတူ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးတင်မိုး၏ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၆၂ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၆၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ တို့က ရေဂါလန် ၁၇၂၅၀၀၊ Foam မီးသတ်ဆေးရည်ဂါလန် ၃၀ တို့ဖြင့် ငြိမ်းသတ်ပေးခဲ့ရသည်။ **(အောက်ပုံ) တင်ဝင်းလေး(ကြည့်မြင်တိုင်)**

စာမျက်နှာ ၆ မှ

ရုပ်ရှင်ရုံများကို Digital ရုပ်ရှင်ပြသမှုစနစ်သို့ ပြောင်းလဲနေခြင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသခြင်းစနစ်ကို ဖလင်စနစ်ဖြင့် ဆောင်ရွက်နေရာကနေ Digital စနစ်ကို ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံမှာရှိသည့် ရုပ်ရှင်ရုံများကိုလည်း Digital ရုပ်ရှင်စနစ်ဖြင့် ပြသနိုင်ရန် ၂၀၁၃ ခုနှစ် ဇွန်လ အတွင်းကစပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ဤသို့ ဆောင်ရွက်ခဲ့သည့်အခါတွင် နှစ်ရှည်ငှားရမ်းထားသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများကို Digital ရုပ်ရှင်ပြသမှုစနစ်သို့ ပြောင်းလဲခြင်း၊ ပုဂ္ဂလိကသို့ ရောင်းချထားသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံများကို Digital ရုပ်ရှင်ပြသမှုစနစ်သို့ ပြောင်းလဲခြင်းနှင့် ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့် ရုပ်ရှင်ရုံများကို Digital ရုပ်ရှင်ပြသမှုစနစ်သို့ ပြောင်းလဲခြင်းဆိုပြီး အမျိုးအစားသုံးရပ်အပေါ်မှာ ဆောင်ရွက်ခဲ့ပါကြောင်း။

အပြည့်အဝခံစား

ရုပ်ရှင်ပြသခြင်းလုပ်ငန်းများအနေဖြင့် Digital ရုပ်ရှင်ပြသမှုစနစ်သို့ ပြောင်းလဲရာတွင် ငွေကြေးကုန်ကျမှု ကြီးမားစွာရှိမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုပိုင်းတွင်လည်း ဖလင်သည်ရှားပါးပစ္စည်းဖြစ်လာပြီဖြစ်သည့်အတွက် DCP စနစ်ဖြင့် ပြသမှုစနစ်သည် ရှောင်လွှဲ၍မရသော တွေ့ကြုံရမှုဖြစ်မည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံများသည် Digital ရုပ်ရှင်ကို ပြောင်းလဲမှသာ မြန်မာရုပ်ရှင်ဇာတ်ကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို အဆင်ပြေအောင် ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ယခုရုံတင်ပြသနေသော ကြယ်စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားကို ရန်ကုန်ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် ပြသနိုင်သကဲ့သို့ နေပြည်တော်၊ မန္တလေး၊ ဘားအံ၊ မြိတ်တို့တွင် DCP ဖြင့် ပြသနိုင်ခဲ့သည့်အတွက် ကြည့်ရှုသူပရိသတ်ကြိုက်နှစ်သက်သဖြင့် ဝင်ငွေရရှိခဲ့ကြောင်း သိရှိရပါကြောင်း၊ အရုပ်အရည်အသွေး၊ အသံအရည်အသွေးကောင်းမွန်သည့်အပြင် အရည်အသွေးကျဆင်းမှုမရှိသည့်အတွက် ကြည့်ရှုသူပရိသတ်သည် ရုံ၏ပြင်ဆင်ထားမှုအရ ရုပ်ရှင်၏အရသာကို အပြည့်အဝခံစားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဘဏ္ဍာရေးနှစ်အလိုက်

ဆက်လက်၍ 2nd phase DVB-T2 ပြောင်းလဲတပ်ဆင်မည့် စက်ရုံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ DVB-T2 စနစ်အသုံးပြု Education Channel ထုတ်လွှင့်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် “လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ”၏ စည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မီဒီယာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်က ရှင်းလင်းပြောကြားရာ၌ Analogue မှ Digital System(ASO) သို့ ပြောင်းလဲရေးအတွက် အဆင့်(၅)ဆင့်ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ အတွင်းဖြစ်ကြောင်း။

(က) ပထမအဆင့် ၄ ရုံ
(ခ) ဒုတိယအဆင့် ၂၂ ရုံ
(ဂ) တတိယအဆင့် ၅၆ ရုံ
(ဃ) စတုတ္ထအဆင့် ၁၁၀ ရုံ
(င) ပဥ္စမအဆင့် ၆၅ ရုံ

လက်ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၂၅၇ ရုံအတွက် လျာထားရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ယခုအချိန်အထိ ၂၄၈ ရုံ တည်ဆောက်ပြီး ဖြစ်ကြောင်း။

Digital Education Channel ထုတ်လွှင့်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ 8 Channel Play out Server ကို အသုံးပြုကာ MRTV သည် ၁၅-၁၀-၂၀၁၃ ရက်နေ့မှစတင်၍ DVB-T2 စနစ်ဖြင့် ရုပ်သံလိုင်းသစ်သုံးခု (တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်း) ကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိထုတ်လွှင့်နေသော MI/MRTV ရုပ်သံလိုင်းတို့ကိုလည်း ယင်း 8 Channel Play out Server တွင် ထည့်သွင်းထုတ်လွှင့်ထားသဖြင့် စုစုပေါင်း Digital ရုပ်သံလိုင်းငါးလိုင်းကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း။

သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသောသတင်းထောက်များ မေးမြန်းစဉ်။ (သတင်းစဉ်)

သို့ဖြစ်ရာ ရုပ်သံလိုင်းသုံးလိုင်းကို Digital စနစ်ဖြင့် ထုတ်လွှင့်နိုင်သေးသည့်အခြေအနေတွင်ရှိကြောင်း၊ ယင်းအနက် တစ်လိုင်းကို ပညာရေးကဏ္ဍဆိုင်ရာအစီအစဉ်များ ထုတ်လွှင့်ပေးရေးသာမက မြန်မာနိုင်ငံပညာရေးစနစ်မြင့်မားတိုးတက်ရေးအတွက် အထောက်အကူပြုမည့် Education Channel အဖြစ် ထုတ်လွှင့်ရန် စီစဉ်ထားရှိကြောင်း၊ ယင်းရုပ်သံလိုင်းတွင် ထုတ်လွှင့်မည့်အစီအစဉ်များကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ အသေးစိတ်အစီအမံများကို ပြည်သူများထံသို့ မီဒီယာများမှတစ်ဆင့် အခါအားလျော်စွာ အသိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၏ စည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မီဒီယာပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နည်းပညာပိုင်းအခြေအနေနှင့်စပ်လျဉ်း၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် IBC နှင့် MPC အဖြစ် အသုံးပြုခဲ့သော မဏိရတနာ ကျောက်စိမ်းခန်းမတွင် တပ်ဆင်သည့်စက်ပစ္စည်းများမှာ SEA Games ပြိုင်ပွဲအတွက်သာငှားရမ်းထားပြီး ယခုအခါ IBC နှင့် MPC ကို ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် IBC လုပ်ငန်းပါရှိမည်မဟုတ်ကြောင်း၊ ဝဏ္ဏသိဒ္ဓိကွင်းတွင်ကျင်းပမည့် PARA Games တွင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ရေး၊ အားကစားပွဲများကို ENG ရိုက်ကူး၍ သတင်းထုတ်လွှင့်ရေး၊ အားကစားနည်း ငါးမျိုးကို တိုက်ရိုက်ထုတ်လွှင့်ရေး၊ သတင်းသမားများအတွက် Media Center ဖွဲ့စည်းတပ်ဆင်ရေး၊ ပြည်ပ Broadcaster များအတွက် Uplink Facilities ထားရှိပေးရေးတို့ကို ဆောင်ရွက်ရန်လျာထားကြောင်း၊ ပြောင်းလဲမှုရှိနိုင်ပါကြောင်း၊ ထုတ်လွှင့်ရန်လျာထားသည့် အားကစားပြိုင်ပွဲများနှင့် စပ်လျဉ်း၍PARA Games တွင် အားကစားနည်း ၁၂ မျိုးပါဝင်ပြီး ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပြိုင်ပွဲများကျင်းပမည်ဖြစ်ကြောင်း။

ထုတ်လွှင့်သွားမည်

MRTV မှ တစ်ရက်လျှင် အားကစားနည်းတစ်မျိုးဖြင့် ပြိုင်ပွဲကာလအတွင်း အားကစားနည်းငါးမျိုးကို တိုက်ရိုက်ထုတ်လွှင့်ပေးရန် လျာထားကြောင်း၊ ပြေးခုန်ပစ်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ရေကူး၊ ထိုင်လျက် ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘောစသည့် အားကစားနည်းငါးမျိုးဖြစ်ကြောင်း၊ 3 Camera DSNG Van ကိုအသုံးပြု၍ တစ်ရက်လျှင် တစ်နေရာရွှေ့လျားပြီး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း။

Uplink Facilities ထားရှိမှုနှင့်စပ်လျဉ်း၍ ပြည်ပ Broadcaster များမှ ၎င်းတို့ကိုယ်တိုင် ရိုက်ကူးတည်းဖြတ်ထားသောအစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့် ပေးပို့လိုပါက လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယင်းအတွက် 2.4 Meter Flyaway Earth Station တစ်ခုကို ဝဏ္ဏသိဒ္ဓိကွင်းတွင်ထားရှိပြီး Thaicom-6A ဂြိုဟ်တု (78.5˚E)သို့ Uplink ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Satellite Uplink အတွက် Booking Office ထားရှိပြီး SEA Games တွင် တောင်းခံသည့်နှုန်းထားအတိုင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

မီဒီယာသမားများအတွက် Accreditation ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ International Broadcaster များအတွက် Accreditation Form များအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၃၀-၁၂-၂၀၁၃ ရက်နေ့တွင် e.mail ဖြင့် ပေးပို့အကြောင်းကြားထားပြီး ၁၀-၁-၂၀၁၄ ရက်နေ့တွင် နောက်ဆုံး Registration ပြုလုပ်ရန် ပြည်တွင်း Media များအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် စာပေမူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတို့မှတစ်ဆင့် စာရင်းသွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်ထားပါကြောင်း၊ Media Guide Book ဖြန့်ဝေပေးနိုင်ရန်လျာထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းထောက်များ၏ မေးမြန်းသည်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပဉ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

နည်းပညာများအပေါ် အခြေခံပြီး မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲရခြင်းဖြစ်ပါကြောင်း။

မိမိတို့ ရေးဆွဲဆောင်ရွက်မည့် စီမံကိန်းများ မည်မျှပင် ပြည့်စုံကောင်းမွန်စေကာမူ အစိုးရတစ်ရပ်၏ ဦးစီးဦးဆောင်မှု၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု၊ တိုင်းပြည်တည်ငြိမ်မှုနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုစသည်များ ဟန်ချက်ညီ ပြည့်စုံကောင်းမွန်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ဘက်စုံထောင့်စုံမှ စဉ်းစားပြီး ပေါင်းစပ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဤသို့ ဆောင်ရွက်ရာတွင် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် အပိုင်းနှစ်ပိုင်း ခွဲခြားရှုမြင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လတ်တလောလိုအပ်ချက်များသည် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများအနေဖြင့် စားရေး၊ ဝတ်ရေး၊ နေရေးများ အဆင်ပြေရန် ရေ၊ မီးနှင့် သွားလာရေးများ အဆင်ပြေရန်၊ သားသမီးများ ပညာသင်ကြားနိုင်ရန်၊ နေထိုင်မကောင်းဖြစ်သည့်အခါ ဆေးဝါးကုသနိုင်ရန် စသည့် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်အောင် ဦးစားပေးပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် အသက် ၁၄ နှစ်မှ ၆၀ အတွင်း အလုပ်လုပ်နိုင်သော အရေအတွက်သည် မိမိတို့လူဦးရေ၏ ၆၀ ရာခိုင်နှုန်း ကျော်ရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ပြည်သူများ ဥပဒေဘောင်အတွင်း၌ အလုပ်လုပ်ချင်အောင်၊ အလုပ်လုပ်နိုင်အောင် အခြေအနေများ၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဝင်ငွေရရှိပြီး အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ရေမီးရရှိရေး၊ သွားလာမှုအဆင်ပြေစေရေးအတွက် ကမူ ထိုက်သင့်သော ဘဏ္ဍာငွေ သုံးစွဲပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံတွင် အခြားနိုင်ငံများထက်သာလွန်သည့် အခြေခံကောင်းများ၊ အခွင့်အလမ်းများ ရှိပါကြောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပါကြောင်း၊ အလုပ်လုပ်နိုင်သော လုပ်သားများ ရှိပါကြောင်း၊ တည်နေရာ အနေအထားအရ အချက်အချာကျပြီး ပတ်ဝန်းကျင်တွင်လည်း လူဦးရေများပြားသည့် နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကြီးမားသော ဈေးကွက်များရှိနေပါကြောင်း။

မိမိတို့တွင် အခွင့်အလမ်းကောင်းများရှိနေသကဲ့သို့ လိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ လိုအပ်ချက်များမှာ ငွေကြေးအရင်းအနှီး မပြည့်စုံမှု၊ နည်းပညာမပြည့်စုံမှု၊ လူသားအရင်းအမြစ်နည်းပါးနေသေးမှုတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းလိုအပ်ချက်များရရှိရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာရန်အတွက် လိုက်လျောညီထွေရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (Foreign Investment Law) ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ စီးပွားရေးတားဆီးပိတ်ဆို့မှုများလည်း အားလုံးနီးပါး ဖယ်ရှားနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပို့ကုန်များအပေါ်တွင် အကောက်ခွန်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သက်သာခွင့် (G.S.P စနစ်) အခွင့်အရေးလည်းရရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့်အခွင့်အရေးများကို အပြည့်အဝအသုံးချပြီး တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ဤနေရာတွင် မက်ကင်ဆေးဂလိုဘယ် အင်စတီကျု၏သုတေသနပြုချက်အရ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ စွမ်းအင်/သတ္တုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ငွေရေးကြေးရေးလုပ်ငန်းများကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍစသည့်ကဏ္ဍ(၇)ရပ်တွင် နှစ်စဉ် GDP တိုးတက်မှုနှုန်းကို ၈ ရာခိုင်နှုန်းရရှိရေးအတွက် နှစ်စဉ် ကုန်ထုတ်စွမ်းအား တိုးတက်မှုကို ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိရရှိအောင် ယင်းအဓိကစီးပွားရေးကဏ္ဍ(၇)ရပ်ကို အဓိကထား ကြိုးပမ်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

နှစ်စဉ် GDP တိုးတက်မှုနှုန်းကို ၈ ရာခိုင်နှုန်း တိုးတက်ရရှိအောင် ကုန်ထုတ်လုပ်မှုကို နှစ်ဆကျော် တိုးမြှင့်နိုင်ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအချိုးကျ တိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်း (Local Level Plan) များ စနစ်တကျ ရေးဆွဲပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်က ချမှတ်ပေးလိုက်သော စီမံကိန်းများနှင့်ဒေသအလိုက် စီမံကိန်းများ အကောင်အထည်ပေါ်လာအောင် ရရှိသည့် ဘဏ္ဍာငွေနှင့် ထိထိရောက်ရောက် မှန်မှန်ကန်ကန် အသုံးပြုပြီး ကျန်ရှိနေသော ဒုတိယပိုင်းအစိုးရ၏ သက်တမ်းကာလ အတွင်းတွင် ပြည်သူများလက်တွေ့ အကျိုးခံစားနိုင်အောင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့ တက်ညီလက်ညီ လက်တွဲပူးပေါင်းပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းများအောင်မြင်ရေးအတွက်သာမက တစ်နိုင်ငံလုံး သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး၊ အာဆီယံ ဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေးတို့အတွက်ပါ အရေးကြီးသည့်နှစ်အဖြစ် သတ်မှတ်ပြီး တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များကိုပါ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)ရေးဆွဲဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)တွင် ဦးစားပေး လုပ်ငန်းများအဖြစ် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး တိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကဏ္ဍကြီးအလိုက် တိုးတက်မှု နှုန်းများအနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန် လျာထားကြောင်း သိရှိရသည်။

ဒေသအလိုက် တိုးတက်မှုနှုန်းများအနေဖြင့် ကချင်ပြည်နယ်တွင် ၂ ရာခိုင်နှုန်း၊ ကယားပြည်နယ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁၅ ဒသမ ၄ ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် ၂၆ ဒသမ ၄ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉ ဒသမ ၆ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၈ ဒသမ ၇ ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီးတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ဒသမ ၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၅ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် လျာထားကြောင်း သိရှိရသည်။

ဆက်လက်၍တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)ပါ ဒေသအလိုက် ရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)ပါ ကဏ္ဍအလိုက် ရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့သည် ပြည်သူ့ဗဟိုပြုအစိုးရဖြစ်သည်နှင့်အညီ ပြည်သူများ၏လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ၌ နှစ်နှစ်ကျော်၊ သုံးနှစ်တာကာလအတွင်း အောင်မြင်မှုများစွာ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်၊ ရေတိုစီမံကိန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိနေခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းသည် အရေးကြီးသည့် ရှေ့ဆောင်လမ်းပြဖြစ်သကဲ့သို့ နောက်မှပံ့ပိုးသွားရမည်မှာ ဘဏ္ဍာရေးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့အပြည့်အဝရရှိမှသာ အပြည့်အဝ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ပကတိအခြေအနေအရ လက်တွေ့ကျသည့် စီမံကိန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းကို မျက်မှောက်စီးပွားရေး အခြေအနေ၊ ပြည်သူ့အသုံးစရိတ်၊ ပုဂ္ဂလိကကဏ္ဍတိုးတက်မှု၊ တိုင်းပြည်၏ စီးပွားရေး ကြိုတင်ခန့်မှန်းချက်နှင့် စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များဖြင့် ကောင်းသည်ထက်ကောင်းအောင် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ပထမငါးနှစ်ကာလတို အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ များပြားသကဲ့သို့ ထုတ်လုပ်မည့် ဓာတ်အား မဂ္ဂါဝပ်လည်း များပြားပါကြောင်း၊ ရန်ကုန်မြို့တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းငါးခုရှိပြီး ယင်းစက်ရုံများအတွက် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့ စီမံကိန်းကော်မရှင် အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဥက္ကဋ္ဌများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကြိုးပမ်း ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် လိုအပ်ချက်များကို အသီးသီးတင်ပြသွားကြသည်မှာ အလွန်အားရစရာကောင်းပါကြောင်း။

လိုအပ်ချက်များနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့် ဝန်ကြီးများအနေဖြင့် မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်သည်များရှိသကဲ့သို့ လောလောဆယ်

ပြည်တွင်းသတင်း

ဆောင်ရွက် မပေးနိုင်သည်များကိုလည်း ပြန်လည်ရှင်းလင်းတင်ပြပြီးဖြစ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တိုင်းပြည် တည်ဆောက်ရာတွင် လိုအပ်ချက်များစွာ ရှိနေပါကြောင်း၊ ယင်းလိုအပ်ချက်များကို ကိုယ့်ဒေသအလိုက် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်သွားလိုသည့် စေတနာနှင့် ဆန္ဒများရှိနေကြခြင်းသည်လည်း လေးစားဂုဏ်ယူစရာ ဖြစ်ပါကြောင်း။

ကြုံတွေ့

သို့သော်လည်း မိမိတို့အစိုးရအဖွဲ့အနေဖြင့် အချိန်အကန့်အသတ်နှင့် တိုင်းပြည်ကိုတည်ဆောက်နေကြရခြင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် လပေါင်း ၃၀ ကျော်တွင် မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများသည် မိမိတို့၏ သမိုင်းတွင် ကျန်ရစ်ခဲ့ကြမည် ဖြစ်ပါကြောင်း၊ အောင်မြင်မှုများ လက်ချိုးရေတွက်ပြနိုင်သကဲ့သို့ အခက်အခဲများ၊ အတားအဆီးများ၊ စိန်ခေါ်မှုများလည်း များစွာကြုံတွေ့ခဲ့ရသည်များ ရှိခဲ့ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပဋ္ဌမအကြိမ်မြောက် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အချိန် ကန့်သတ်ချက်နှင့် တိုင်းပြည်ကို တာဝန်ယူဆောင်ရွက်နေကြရသည့်အတွက် ကျန်ရှိသောလအနေဖြင့် ၂၆ လသာ ကျန်ရှိပါကြောင်း၊ တိုင်းပြည်အတွက် ဒေသအလိုက်ဆောင်ရွက်စရာများစွာ ရှိနေသော်လည်း ကျန်ရှိသည့် ၂၆ လတာ ကာလအတွင်း လုပ်ငန်းနှစ်ခုကို စဉ်းစားဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ ဦးစားပေးလုပ်ငန်းတစ်ခုမှာ အချိန်တိုအတွင်း ပြည်သူများ မြန်မြန်ဆန်ဆန် တိုက်ရိုက်အကျိုးခံစားရမည့်လုပ်ငန်းများကို ဦးစားပေးလုပ်ရမည်ဖြစ်ပါကြောင်း၊ ယင်းဦးစားပေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရင်း ဒုတိယလုပ်ငန်း ဖြစ်သည့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) လုပ်ငန်းများကိုလည်း အုတ်မြစ်ချရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ ယနေ့ရေးဆွဲထားသော စီမံကိန်းဥပဒေ (မူကြမ်း)သည် ယင်းလုပ်ငန်း ၂ ရပ် အပေါ် အခြေခံပြီး ဦးစားပေးအလိုက် ရေးဆွဲထားခြင်း ဖြစ်သည့်အတွက် စီမံကိန်းများ အချိန်တိုအတွင်း အောင်မြင်အောင် မိမိတို့ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ပဋ္ဌမအကြိမ်မြောက် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ဤသို့ ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍ မရနိုင်သည့်အတွက် အထက်အောက်၊ ဘေးတိုက် အားလုံး ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အောင်မြင်ရန်အတွက် မိမိတို့ဌာနအလိုက် အကဲဖြတ်အဖွဲ့ငယ်များဖွဲ့စည်းပြီး လုပ်ငန်းအလိုက် အောင်မြင်မှု၊ ချွတ်ယွင်းအားနည်းမှုများကို လအလိုက် သုံးလ၊ ခြောက်လအလိုက် စစ်ဆေးကာ အားနည်းချက်၊ ချွတ်ယွင်းချက်များကို အချိန်မီပြုပြင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားအပ်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

▲ *ကျောဖုံးမှ*

ကာလနှင့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြန်လည်ပေးဆပ်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံခြားအကူအညီအထောက်အပံ့ ဗဟိုကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရတာဝန်ယူပြီး နောက်ပိုင်းတွင် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင် (Framework on Economic and Social Reform) အရ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) ကို ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်အတူ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ခြင်းသည် ယခုဆိုလျှင် ၃၄ လတာ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ယခုထက် ပိုမိုတိုးတက်စေရန် များစွာဆောင်ရွက်ရဦးမည် ဖြစ်ပါကြောင်း၊ ကျန် ၂၆ လအတွင်း ဦးစားပေးနယ်ပယ်ကဏ္ဍများအဖြစ် ပြည်သူများကို တိုက်ရိုက်အကျိုးပြုစေမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး လုပ်ငန်းများကို အစွမ်းကုန်ဖော်ဆောင်ကြရန် လမ်းညွှန်ခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ပွင့်လင်းမှုများ ဖြစ်ပေါ်ပြီးနောက် အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံချက်များတွင် ပူးပေါင်းပါဝင်စေရန် နိုင်ငံခြားအကူအညီ (Grant)၊ ချေးငွေ (Loan) နှင့် နည်းပညာအကူအညီ Technical Assistance စသည့် အကူအညီအထောက်အပံ့များ မိမိတို့နိုင်ငံထဲသို့ တိုးတက်စီးဝင်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ အခြားသောငွေကြေးဇာစ်မြစ်များဖြစ်သည့် နိုင်ငံတကာအကူအညီအထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက် ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏မူဝါဒအရ ဆင်းရဲမှုလျှော့ချရေးနှင့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံခြားအကူအညီ အထောက်အပံ့များကို ချမှတ်ထားသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်၊ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများနှင့်အညီ ဦးစားပေးကဏ္ဍများနှင့် ဦးစားပေးစီမံချက်များကို ရွေးချယ်သတ်မှတ်ဆောင်ရွက်ကြရန်၊ ပြည်သူ့လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရင်း အလှူရှင်အဖွဲ့အစည်းများနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို မိမိတို့လိုအပ်ချက်နှင့် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းပြီး အပြန်အလှန် ယုံကြည်မှုများတည်ဆောက်ရန် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များကို ငွေရေးကြေးရေးအရ အကူအညီရရှိမှုနှင့် အကူအညီတောင်းခံမှုထက် Stakeholder အဖြစ် သတ်မှတ်ပြီး မူဝါဒဆိုင်ရာ ဆွေးနွေးမှုများကို Development Tools အဖြစ် နည်းပညာစွမ်းရည်၊ အရင်းအမြစ်တိုးတက်မှုများ ဖြစ်ပေါ်စေရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာဖွံ့ဖြိုးမှုအတွေ့အကြုံများကို လေ့လာကာ မိမိနိုင်ငံ၊ မိမိဒေသနှင့် လျော်ကန်သင့်မြတ်မှုရှိစေမည့်ဗျူဟာ Strategy နှင့် နည်းလမ်း (Tactics) များကို ရှာဖွေကြရန် လိုအပ်ပါကြောင်း၊ ဗျူဟာ မည်မျှကောင်းကောင်း နည်းလမ်းမမှန်ကန်ပါက ထိရောက်သော အကောင်အထည်ဖော်မှုဖြစ်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် ချဉ်းကပ်မှုနည်းလမ်း မှန်ကန်စေရေးကို ဂရုပြုနိုင်ရန် လမ်းညွှန်မှာကြားလိုပါကြောင်း။

ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် Ownership သဘောတရားသည် အလွန်အရေးပါလှပါကြောင်း၊ ဖွံ့ဖြိုးမှုစီမံကိန်းများသည် မိမိတို့နိုင်ငံသားများအတွက် မိမိတို့ရပ်ရွာဒေသဖွံ့ဖြိုးမှုအတွက်ဟု ခံယူပြီး ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဒေသများတွင် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသဆိုင်ရာအုပ်ချုပ်မှု အားကောင်းပြီပြင်လာစေရုံသာမက ဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်လာစေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ဆွေးနွေးညှိနှိုင်းရရှိသည့် လုပ်ငန်းများအား ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် Stakeholder များအားလုံး ပူးပေါင်းပါဝင်မှုရှိစေရန် အထူးအလေးပေး မှာကြားလိုပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများ၏ ပံ့ပိုးကူညီမှု၊ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပံ့ပိုးပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုအလေးထားလျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကို တစ်ဦးကောင်း၊တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းနှင့် ဆောင်ရွက်၍မရဘဲ သက်ဆိုင်သူ Stakeholder များအားလုံး၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုများနှင့်သာ မိမိတို့နိုင်ငံဖွံ့ဖြိုးမှုသည် ပိုမိုပြီး မြန်မြန်ဆန်ဆန်အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အကျိုးရလဒ်များကို လူတိုင်းခံစားနိုင်ရေး (Inclusiveness) အား အလေးထားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အကူအညီ အထောက်အပံ့ပေးအပ်သည့် နိုင်ငံ၏ စေတနာအရ ထိရောက်သည့် ဖွံ့ဖြိုးမှုအကူအညီများဖြစ်ပေါ်စေရေးအတွက် မိမိတို့နိုင်ငံတွင် အကျိုးရှိအောင် အသုံးပြုရန်လိုပါကြောင်း၊ ပွင့်လင်းထင်သာမြင်သာရှိရန် ထိရောက်သော ဖွံ့ဖြိုးမှုအကူအညီဖြစ်ရန် ပြည်သူများအတွက် လက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များ ဖြစ်ပေါ်စေရန် စီမံကိန်းများစိစစ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation-M&E) ကိုလည်း သေချာစွာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

စီမံချက်နှင့် စပ်လျဉ်းသည့် အသုံးစရိတ်၊ အထောက်အပံ့များ ပွင့်လင်းထင်သာမှုရှိစေခြင်း၊ သုံးစွဲမှုများ ထိရောက်မှန်ကန်စေခြင်း၊ စီမံချက်များအား စိစစ်ခြင်း၊ သုံးသပ်ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူ့ဘဏ္ဍာကို ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ ခွဲဝေအသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြု စတင်တိုးတက်လာပြီဖြစ်ပါကြောင်း၊ ယနေ့ အချိန်ကာလကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် သိက္ခာရှိသည့်၊ တာဝန်သိသည့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့မိသားစုနိုင်ငံများအကြား ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းနေချိန်တွင် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းနှင့် ယုံကြည်မှု၊ နားလည်မှု၊ ရင်းနှီးမှုများကို တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယမန်နှစ်က ပထမအကြိမ် မြန်မာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကမ္ဘာအထိ ပျံ့နှံ့သိရှိစေသည့် နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန် ကြေညာနိုင်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်အရ ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ကတိကဝတ်များရှိသကဲ့သို့ မိမိတို့အကူအညီလက်ခံရယူသည့် နိုင်ငံဘက်ကလည်း မောင်းနှင်သူနေရာမှနေ၍ ပြည်သူတို့၏ လိုအပ်ချက်၊ ဦးစားပေးကဏ္ဍအပေါ် အခြေခံပြီးညှိနှိုင်းရယူဆောင်ရွက်ရန် လုပ်ငန်းများချောမောပြီး ထိရောက်သည့်စီမံကိန်းများ ဖြစ်စေရန် စိစစ်၊ သုံးသပ်၊ ကြီးကြပ်သည့် စီမံခန့်ခွဲမှုများဆောင်ရွက်ရန် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မူဝါဒ၊ စီမံခန့်ခွဲမှုများကို လိုက်ပါပြောင်းလဲနိုင်ရန် စွမ်းရည်များကို မိမိပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများတွင် စွမ်းရည်မြှင့်တင်ကြရန် မှာကြားလိုပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေးအတွက် ဒုတိယအကြိမ် မြန်မာဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ယခုလကုန်ပိုင်းတွင် ကျင်းပရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် စီမံကိန်းကာလများကို ဖြတ်ကျော်ပြီး အကောင်အထည်ဖော်ရေး ကာလကိုရောက်ရှိနေသည့် အတွက် လက်တွေ့ကျရန် လိုအပ်ပါကြောင်း၊ အချို့သော ဖွံ့ဖြိုးမှုစီမံကိန်းများကို စတင်အကောင်အထည်ဖော်ဆောင်နေပြီး အချို့သောစီမံကိန်းများသည် ညှိနှိုင်းဆဲများ၊ အချို့သည် အနာဂတ်ကာလတွင် အကောင်အထည်ဖော်မည့် စီမံကိန်းများဖြစ်ပါကြောင်း၊ စီမံကိန်းများ အချိန်မီ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် လေးဖင့်မနေစေရန် ငွေကြေးစီးဝင်စေရေး၊ စီမံချက်အတွက် လိုအပ်သည့် ကုန်ပစ္စည်းများတင်သွင်းမည့် လုပ်ငန်းစဉ်များ ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ရေး၊ သက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်မည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများတွင် စီမံကိန်းကို ကြီးကြပ်မည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ စာရင်းအင်း ထားသိုမှု အရည်အသွေးရှိစေရေး၊ လုပ်ငန်းဆက်စပ်နေသည့် ဌာနများအကြား စာရင်းအင်း၊ အချက်အလက်များ ပွင့်လင်းမြင်သာဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်မှာကြားလိုပါကြောင်း၊ ချေးငွေနှင့်ဆောင်ရွက်သည့် စီမံချက်များကို အထူးသဖြင့် ချေးငွေဆိုင်ရာစီမံခန့်ခွဲမှုကို ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စီမံချက်များတွင် ပြန်လည်ပေးဆပ်ရမည့် စီမံချက်ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အစိုးရ၏ ကျန်သည့်သက်တမ်း ၂၆ လအတွင်း နိုင်ငံဖွံ့ဖြိုးမှုတွင် အလွန်အဓိကကျသည့် အကူအညီ၊ အထောက်အပံ့များ၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေ၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ အကူအညီများကို စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းဖြင့် ကောင်းမွန်သော ရလဒ်နှင့်ပြယုဂ်များဖြစ်စေရေးသည် အလှူရှင်များ၏ စိတ်ဆန္ဒစေတနာပိုရှိစေခြင်းဖြင့် ပြင်ပမှ အကူအညီ၊ အထောက်အပံ့များကို ပိုမိုစီးဝင်လာစေနိုင်မည် ဖြစ်ပါကြောင်း၊ ထိရောက်သည့် အကောင်အထည်ဖော်မှုများနှင့် မိမိတို့နိုင်ငံ၏ မျှော်မှန်းထားသော ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံသားတိုင်း၏ လူနေမှုဘဝ အရည်အသွေး တိုးတက်စေရန် စသည်တို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်အောင် ကူးပြောင်းမှုဖြစ်စဉ်ကို များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ နိုင်ငံကူးလက်မှတ်ရယူလိုသူများအတွက် လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ပါက အချိန်ကုန်ငွေကုန်ကျမှုနည်းပါးစွာဖြင့် မိမိတို့ဒေသမှာပင် ထုတ်ယူခွင့်ရရှိနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ အာဆီယံအဖွဲ့ဝင် နိုင်ငံသားများ ဗီဇာကင်းလွတ်ခွင့်စာချုပ်များ ချုပ်ဆိုလျက်ရှိရာ နိုင်ငံအချို့နှင့် ဗီဇာကင်းလွတ်ခွင့်ရရှိနေပြီဖြစ်သည်။ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအနေဖြင့် ဗီဇာကင်းလွတ်စွာ သွားလာနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် ပြည်ပသို့ ခရီးထွက်ခွာလိုသူ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့ယွင်းနေသူများအား နိုင်ငံကူးလက်မှတ်များကို အိမ်အရောက် ထုတ်ပေးနိုင်မည့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။

ဝေယံဦး

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၌ Ms.Kiyoko Lwasaki, Head of Corporate Governance မှ"When is comply or explain the right approach?" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀၀ ပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အနေနှင့် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ရာ ဇန်နဝါရီ ၉ ရက် နောက်ဆုံးထားပြီး အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ အသင်းရုံးခန်းသို့ မှတ်ပုံတင်ကြေး ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ မှတ်ပုံတင်ကြေးပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၇၁၈၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရှိမ္ဘကားစံပြကျေးရွာ ခမ္ဘာရုံ၌ ရှိမ္ဘကားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင် ထိန်းသိမ်းရေးဌာနခွဲ တာဝန်ခံအရာရှိက ဧရာဝတီမြစ်တစ်လျှောက် လင်းပိုင်များ မျိုးမသုဉ်းစေရေး ကာကွယ်တားဆီးရမည့် နည်းလမ်းများ၊ လင်းပိုင်များသည် နို့တိုက်သတ္တဝါဖြစ်ခြင်းကြောင့် လင်းပိုင်မျိုးများပြန့်ပွားလာစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံကျေးလက်နေပြည်သူများက မိမိတို့ကျေးရွာများ၏ လိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာလမ်းများပြုပြင်ပေးရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ဝက်လက်မြို့နယ် သစ်စိမ့်ကြီးကျေးရွာများမှ ဒေသခံကျေးလက်နေ ပြည်သူများအားလည်းကောင်း၊ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာ ရွှေဘုံသာဘုန်းကြီးကျောင်း ခမ္ဘာရုံ၌ ဒေသခံပြည်သူများနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့နောက် ရွှေဘိုမြို့နယ် ထူးကြီးကျေးရွာအုပ်စု ဆိပ်ခွန်စံပြကျေးရွာ၌ ပြည်ရွှေဘို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီမှ ကျေးလက်လူငယ်များအား ဖွင့်လှစ်သင်ကြားပေးနေသော ကျေးလက်လူငယ်ကွန်ပျူတာနည်းပညာပြန့်ပွားရေး အခမဲ့သင်တန်းသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ယခုလို ကျေးလက်လူငယ်များ ကွန်ပျူတာပညာ တတ်မြောက်စေရန်အတွက် စေတနာထားပြီး အခမဲ့သင်တန်းများ ပို့ချနေသော ကုမ္ပဏီများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြို့နယ်၊ ကျေးလက်များရှိ လူငယ်များ ကွန်ပျူတာဘာသာရပ်ကို စိတ်ပါဝင်စားစွာ သင်ယူတတ်မြောက်မှ တိုင်းပြည်အတွက် အကျိုးရှိစေမှာဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇေယျာသိဒ္ဓိကျောင်းတိုက်၌ အောင်ရတနာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ဇေယျာသိဒ္ဓိကျောင်းတိုက်အတွင်း၌ ၄၂ ပေပတ်လည်၊ ဉာဏ်တော် ၃၁ တောင်အမြင့်ရှိ အောင်ရတနာသိဒ္ဓိဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ၁၃၇၄ ခုနှစ် ဝါဆိုလပြည့်နေ့တွင် စတင်ပန္နက်ရိုက်အုတ်မြစ်ချ တည်ထားကိုးကွယ်လျက်ရှိကြောင်း ကျောင်းထိုင်ဆရာတော် ဦးပညိန္ဒထံမှ သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ယခုအခါ ပထမအဆင့်၊ ဒုတိယအဆင့် အဆင့်နှစ်ဆင့်ပြီးစီးပြီး ဘုရားတစ်ဆူလုံးပြီးစီးရန် ဘုရားလေးဆူ တစ်ဆူလျှင် ငွေကျပ် ခုနစ်သိန်း၊ စေတီရံလေးဆူအတွက် တစ်ဆူလျှင် ငွေကျပ် သုံးသိန်း၊ တံခွန်တိုင်စေတီတော်ရံလေးဆူအတွက် တစ်ဆူလျှင် ငွေကျပ် သုံးသိန်း၊ တံခွန်တိုင်တစ်ဆူလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် စေတီတော်ကြီး ပြီးစီးရန်အတွက် အလှူရှင်များလိုအပ်ကြောင်း၊ ဖုန်း ၀၉-၂၅၀၀၉၉၁၅၇ သို့ စေတနာရှင် အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုကိုရှူပ(နေပြည်တော်)

ကလေးမြို့တွင် အကျဉ်းသား ၁၁၆ ဦး လွတ်ငြိမ်းခွင့်ရ

ကလေး ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းခွင့် လေးပုံတစ်ပုံ လျှော့ရက်ကြောင့် အကျဉ်းသား ၁၁၆ ဦး အား ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက လွတ်ငြိမ်းခွင့် ပေးလိုက်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား ၁၁၆ ဦးတွင် ကလေးခရိုင်မှ ပြစ်ဒဏ်ကျခံရသူများအပြင် မန္တလေး၊ မော်လိုက်၊ တမူးစသည့်မြို့နယ်များမှ ပြစ်ဒဏ်ကျခံရသူများ၊ ရောဝတီတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြစ်ဒဏ်ကျခံရသူများ၊ ထောင်ဒဏ်အားဖြင့် အနည်းဆုံးတစ်လမှ ထောင်ဒဏ်နှစ် ၃၀ အထိ ကျခံရမှုများ ပါဝင်ကြောင်း သိရသည်။ အဆိုပါ အကျဉ်းသား ၁၁၆ ဦးတွင် ၂၀၁၃ ခုနှစ်အတွင်းက နေပြည်တော်မှ ဒုရဲချုပ်ကိုယ်တိုင်ဆင်း၍ ဝင်ရောက်စစ်ဆေးခဲ့ပြီး တရားမဝင်လိုင်စင်မဲ့ကားဝယ်ယူမှု၊ တရားမဝင်ငွေကြေးစုဆောင်းမှု၊ တရားမဝင်တင်သွင်းလာသောကားများကို သိလျက်နှင့် ဖမ်းဆီးခြင်းမပြုလုပ်မှုတို့ဖြင့် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ကျခံခဲ့ရသော ခရိုင်ဒုစရိုက်နှိမ်နင်းရေး ခေါင်းဆောင် ရဲအုပ်စိုးနောင်၊ မြို့နယ် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ဇေယျာလှိုင်နှင့် တာဟန်းရဲကင်းမှူး ရဲအုပ်သန်းနိုင်ဦးတို့ပါ နိုင်ငံတော်သမ္မတ၏ လေးပုံတစ်ပုံလျှော့ရက် ခံစားခွင့်စာရင်းဖြင့် လွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။ **သျှင်နေမင်း**

ဆေးတက္ကသိုလ်(မန္တလေး) သင်တန်းသားသင်တန်းသူများအားကြိုဆို

မန္တလေး ဇန်နဝါရီ ၆

၂၀၁၄ ပညာသင်နှစ် ဆေးတက္ကသိုလ်(မန္တလေး)၌ ဖွင့်လှစ်ခဲ့သည့် ပါရဂူဘွဲ့သင်တန်း၊ ဆေးပညာမဟာသိပ္ပံသင်တန်း၊ အခြေခံဆေးပညာသိပ္ပံသင်တန်းနှင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းများသို့ တက်ရောက်ခွင့်ရရှိကြသည့် သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက ဆေးတက္ကသိုလ်(မန္တလေး) အောင်ပင်လယ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်နှင့် ပါမောက္ခ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းဥက္ကဋ္ဌများ၊ အခြေခံဆေးပညာသိပ္ပံသင်တန်း ဥက္ကဋ္ဌနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၆၃ ဦး တက်ရောက်ကြသည်။

ကြိုဆိုပွဲအခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး ဆေးပညာဘွဲ့လွန် သင်တန်းဥက္ကဋ္ဌ ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာရန်လင်းမြင့်နှင့် ဆေးတက္ကသိုလ်(မန္တလေး) အခြေခံဆေး ပညာသိပ္ပံသင်တန်းဥက္ကဋ္ဌ ဆေးဝါးဗေဒဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာနုနုအေးတို့က အမှာစကား ပြောကြားကြကာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

တာဝေးအပြေးပြိုင်ပွဲဆုချီးမြှင့်

စစ်ကိုင်း ဇန်နဝါရီ ၆

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တာဝေးအပြေးပြိုင်ပွဲကို စစ်ကိုင်းမြို့ အားကစားခန်းမရှေ့ စုရပ်တာလွှတ်နေရာ၌ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီက ကျင်းပရာ အပြေးအားကစားသမား ၁၀၀ ပါဝင်ကြကာ တာလွှတ်နေရာမှ ကောင်းမှုတော်စေတီ အသွားအပြန် အပြေးပြိုင်ကြပြီး ဝင်းလှိုင်က ပထမ၊ စည်သူအောင်က ဒုတိယ၊ မိုးစည်သူက တတိယ၊ မင်းချစ်သူက စတုတ္ထ၊ နေမျိုးက ပဉ္စမ၊ အမျိုးသမီးဆုရရှိသူနှစ်ဦးနှင့် အသက်အငယ်ဆုံး အပြေးသမားဆုရရှိသူတို့အား စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ စစ်ကိုင်းမြို့စခန်းမှူး ဒုတိယရဲမှူးသိန်းဆွေတို့က ငွေသားများချီးမြှင့်ကြကာ စစ်ကိုင်းမြို့နယ်ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ပြိုင်ပွဲအဓိကပံ့ပိုး အလှူရှင် ဦးတင်ထွန်း(ငြိမ်းသီရိဟိုတယ်)က ပထမ၊ ဒုတိယနှင့် တတိယ ငွေသားဆုများနှင့် အပြေးပြိုင်ပွဲပန်းဝင်လာသူ ၇၅ ဦးတို့ကို အားကစားကုတ်အင်္ကျီတစ်ထည်စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင်(မန္တလေး)

သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု ဒေသခံတောင်သူများအား နည်းပညာပေးသရုပ်ပြပွဲကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၆

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် စိုက်ပျိုးရာသီ စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းစိုက်ကွင်းတွင် စိုက်ပျိုးထားရှိသော ပဲစင်းငုံ၊ ဝါနှင့် ကုလားပဲသီးနှံများ သုတေသနစိုက်ပျိုးထားရှိမှု၊ တောင်သူပညာပေး သရုပ်ပြစိုက်ကွင်းများ စိုက်ပျိုးထားရှိမှုတို့ကို တောင်သူများအား ပညာပေးသရုပ်ပြပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါတောင်သူပညာပေးစိုက်ကွင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် စွန်ရဲအင်းစိုက်ကွင်းတာဝန်ခံ ဦးဌေးက စိုက်ကွင်းအတွင်း စိုက်ပျိုးထားရှိသော သီးနှံများနှင့် သုတေသနပြုစိုက်ပျိုးထားရှိသော သီးနှံများ၊ မျိုးထုတ်လုပ်ခြင်းအတွက် စိုက်ပျိုးထားရှိသော သီးနှံများ၊ တောင်သူပညာပေးစိုက်ကွင်းများတွင် စိုက်ပျိုးထားရှိသောသီးနှံများ၏ စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုများနှင့် ပိုးမွှားကာကွယ်ဆေးများ အသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသောတောင်သူလယ်သမားများက မိမိတို့ စိုက်ပျိုးလျက်ရှိသော စိုက်ပျိုးသီးနှံများနှင့် ကွာခြားချက်များ၊ ကျရောက်တတ်သော ရောဂါပိုးမွှားများနှင့် အထွက်နှုန်းတို့ကိုမေးမြန်းရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် စိုက်ကွင်းတာဝန်ခံတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး တက်ရောက်လာကြသူများသည် တောင်သူပညာပေးစိုက်ကွင်းများတွင် စိုက်ပျိုးမှုဖြစ်ထွန်းနေသော ငွေချည်(၆) ဝါစိုက်ဧက ၁၀ ဧကကိုလည်းကောင်း၊ ရေဆင်း(၇)မျိုး ပဲစင်းငုံကိုး ဧကနှင့် ရေဆင်း(၈)မျိုး ကုလားပဲကိုးဧက စိုက်ပျိုးထားရှိမှုတို့ကို လက်တွေ့ကွင်းဆင်း လေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန စွန်ရဲစိုက်ကွင်းအနေဖြင့် တောင်သူလယ်သမားများအတွက် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သီးနှံများ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့်အပြင် တောင်သူများ စိုက်ပျိုးနည်းစနစ်များ သိရှိစေရန်အတွက် လေ့ကျင့်ပညာပေးစိုက်ကွင်းများစိုက်ပျိုးကာ ပညာပေးပြပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ကျေးရွာများအရောက် ခွေးရူးကာကွယ်ဆေးထိုးပေး

ပြင်ဦးလွင် ဇန်နဝါရီ ၆

ပြင်ဦးလွင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ကျေးရွာများအရောက် ခွေးရူးကာကွယ်ဆေး လိုက်လံထိုးပေးလျက်ရှိရာ ဇန်နဝါရီ ၂ ရက်က ကျားတွင်းရေကျေးရွာအုပ်စုအတွင်းရှိ ပုံကုန်းရွာ၊ ဘော်ရွာ၊ ပင်စုတ်ရွာတို့တွင် အခမဲ့ထိုးပေးခဲ့ကြောင်း သိရသည်။

ထိုကျေးရွာများတွင် ယခင်နှစ်က ခွေးရူးရောဂါဖြစ်ပွားသော ခွေးများရှိခဲ့ရာ ယခုနှစ်တွင် ထိုကဲ့သို့ထပ်မံမဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ဆေးများ ထိုးပေးထားခြင်းဖြစ်သည်။ တစ်နှစ်လျှင်တစ်ကြိမ် ထိုးနှံရမည်ဖြစ်သော ခွေးရူးကာကွယ်ဆေးကို ယခုနှစ်တွင် သက်ဆိုင်ရာတာဝန်ရှိဌာနမှ မြို့ပေါ်နှင့် ကျေးရွာများသို့ ကွင်းဆင်းပြီး ခွေးကောင်ရေပေါင်း ၁၀၀၀ အထိ အခမဲ့လိုက်လံထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ဂိုးလတ်ဂျူနီယာလူသစ်တန်းဘောလုံးပြိုင်

မန္တလေး ဇန်နဝါရီ ၆

လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စိန်မြင့်မိုရ်ဖလား ဂိုးလတ်ဂျူနီယာလူသစ်တန်း နေ့ချင်းပြီးဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ လမ်းရှိ တန်ဖိုးနည်းအိမ်ရာဘောလုံးကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၈ သင်းပါဝင်ခဲ့ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညိုနှင့် အဖွဲ့ဝင်များ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဒုတိယရဲမှူးကြီး ရှိန်ဝင်း(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ဘောလုံးသမားဟောင်းများ၊ ပြိုင်ပွဲအဓိကပံ့ပိုးအလှူရှင် ဦးရဲလင်း(စိန်မြင့်မိုရ် ကဖေး)မိသားစုနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံဘောလုံးအားကစားဝါသနာရှင်များ လာရောက်အားပေးကြသည်။

ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် SMM PN အသင်းက နှင်းဆီနက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်ယှဉ်ပြိုင်အနိုင်ရဗိုလ်စွဲခဲ့ပြီး တတိယလုပွဲတွင် ၁၅ ဖိုက်တာအသင်းက ကြယ်စင်မင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် တတိယဆုရရှိသွားသည်။

ပြိုင်ပွဲအပြီး ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်၊ အမှတ်တရလက်ဆောင်၊ ဆုငွေနှင့် ဒုတိယဆုနှင့် တတိယဆုဖလားတို့ကို လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးကျော်မင်းယဉ်၊ ပြိုင်ပွဲအဓိကပံ့ပိုးအလှူရှင် ဦးရဲလင်း(စိန်မြင့်မိုရ်ကဖေး) ပိုင်ရှင် ဘောလုံးလက်ရွေးစင်ဟောင်းနှင့် တာဝန်ရှိသူတို့က ဆုချီးမြှင့်ပေးအပ်ခဲ့ကြပြီး ပထမဗိုလ်စွဲခဲ့သည့် SMM PN အသင်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ညိုက ပထမတံခွန်စိုက်ဆုဖလား၊ ဆုငွေနှင့် အားကစားဝတ်စုံများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(၀၄၀)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရွှေလင်ပန်းချောင်းနံဘေး အမှတ်(၁၅) ရပ်ကွက်တွင် ကျူးကျော်တဲဆောက်လုပ်မှု အိမ်ခြေ ၃၀၀ အထိတိုးလာ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ရွှေလင်ပန်းကျေးရွာအနီးရှိ မိုးလုံလေလုံ အားကစားရုံအနီးတွင် ည ၉ နာရီမှစ၍ ည ၁၂ နာရီကျော်ထိ တဲများဆောက်၍ မြေနေရာ သတ်မှတ်လုပ်ဆောင်ကြသည့်အတွက် မြို့နယ်မှ တာဝန်ရှိသူများက တားမြစ်ဟန့်တားခဲ့ရာ အခြေအနေတင်းမာမှုများ ဖြစ်ပွားခဲ့သည့် အမှတ်(၁၅) ရပ်ကွက်အနီးရှိ ရွှေလင်ပန်းချောင်းဘေးတွင်လည်း ကျူးကျော်တဲ ၃၀၀ ကျော်ထိ ဆောက်လုပ်နေထိုင်ကြ သောကြောင့် လှိုင်သာယာမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လျက်ရှိကြောင်း ပြောဆိုဝေဖန်လျက်ရှိသည်။

"ကျူးကျော်နေထိုင်မှုတွေ ပိုများလာတယ်။ ဒေသအာဏာပိုင်အဖွဲ့အစည်းက ချက်ချင်းရှင်းလင်းဆောင်ရွက်ရင် နောက်တစ်ခုက ပေါ်လာတယ်။ ဥပဒေနဲ့အညီ ဖြေရှင်းလုပ်ဆောင်တဲ့အခါမှာ ဥပဒေမဲ့ လုပ်ရပ်တွေနဲ့ တုံ့ပြန်တာကိုခံရတဲ့အတွက် မြေယာကျူးကျော်ဆောက်လုပ်၊ ရောင်းချနေမှုကို သေသေချာချာ မကိုင်တွယ်နိုင်ရင် အခြေအနေတွေ ရှုပ်ထွေးလာနိုင်တယ်" ဟု မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးက လက်ရှိဖြစ်ပေါ်နေမှုအပေါ် သုံးသပ်ပြောကြားသည်။

ဝေဖန်ထောက်ပြ

"ကျွန်တော်တို့ မြို့နယ်မှာ လယ်မြေပြဿနာက ဖြေရှင်းလို့ရတယ်။ ဖြေရှင်းလို့မရဘဲ ကြာနေတာက နိုင်ငံတော်ပိုင်မြေဖြစ်တဲ့ စည်ပင်မြေ၊ အိုးအိမ်ပိုင်မြေနဲ့ မြစ်ချောင်းဘေးက ရေအရင်းအမြစ်က ပိုင်တဲ့မြေပေါ်မှာ ကျူးကျော်ဆောက်လုပ်နေထိုင်ရောင်းချတဲ့ပြဿနာတွေပဲ။ မြေယာကျူးကျော် ဆောက်လုပ်မှုကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်သင့်တယ်ဗျာ။ ဒီအချိန်မှာ အမျိုးသားစီးပွားတိုးတက်ရေးကိုပဲ ဦးစားပေးရမယ့်အချိန် ရောက်နေပါပြီ" ဟု တံတားဖြူမှတ်တိုင်အနီးရှိ စားသောက်ကုန်ဆိုင်ရှင်တစ်ဦးက ဝေဖန်ထောက်ပြသည်။

အမှတ်(၁၅)ရပ်ကွက် ရွှေလင်ပန်းချောင်းဘေးတွင် ကျူးကျော်ဆောက်လုပ်နေထိုင်နေသော အမျိုးသမီးတစ်ဦးကလည်း "ဒီအဝင်လမ်းကို ပိတ်ကာပြီးနေရတာက ညဘက်အိမ်ထပ်ဆောက်မယ့်သူတွေထပ်ဝင်လာလို့ ပိတ်ကာထားတာပါ။ ဒီချောင်းဘေး တစ်လျှောက်ကို လူတစ်ဦးက ဝယ်ထားတယ်ပြောတယ်။ ကျွန်မတို့တွေ (၁၅)ရပ်ကွက်ထဲမှာ အိမ်ငှားနေကြရင်း အိမ်ငှားခမတတ်နိုင်တာရယ်၊ လူဦးရေလည်း များလာတော့ သူများတွေလိုပဲ ဒီဇင်ဘာ ၂၇ ရက်က ဆောက်ပြီးနေကြတာပါ။ တဖြည်းဖြည်းတိုးလာကာ အိမ်ခြေ ၃၀၀ ကျော်သွားပြီ။ လူပေါင်းစုံဆိုတော့ စိတ်ဓာတ်ပေါင်းစုံပဲ။ ကျွန်မတို့ကတော့ နေစရာတဲတစ်နေရာစာဆိုရင် မိသားစုအဆင်ပြေပါပြီ။ စက်ရုံဆင်းတဲ့သူက ဆင်းတယ်။ နေရာမတည်ငြိမ်သေးတော့ အားလုံးက ကျိုးလန့်စာစားနေရတယ်။ လာဖယ်ခိုင်းရင်တော့ ဖယ်ပေးရမှာပေါ့" ဟု ချောင်းဘေးတဲများ ဆောက်လုပ်နေမှုကိုကြည့်ရင်း ရှင်းပြသည်။

အဆိုပါနေရာသစ်သည် ယခင်က အမှိုက်ပုံချောင်းဘေးဖြစ်ပြီး ယခုတဲများဖြင့် ချောင်းရိုးတစ်လျှောက် ပြည့်ကျပ်နေကာ နေထိုင်မှုအခြေအနေတည်ငြိမ်မှုမရှိသေးကြောင်း၊ မြို့နယ်အတွင်းတွင် စည်ပင်ပိုင်းမြေများ၌ ဈေးဆိုင်၊ အဆောင်များဆောက်လုပ်မှု များပြားလာပြီး တံ့တေးတံတားတစ်ဖက်ရှိမြေနုကျွန်းပေါ်တွင်လည်း နိုဝင်ဘာလလယ်ပိုင်းမှစ၍ တဲများဆောက်လုပ်၍ နေထိုင်ရောင်းချမှုများကြောင့် ယနေ့အချိန်ထိ တဲပေါင်း ၂၇၀၀ အထိ များပြားလာကြောင်း သိရသည်။

(၁၆၄)

မော်လမြိုင်ရုပ်သံစက်ရုံမှ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် ဇန်နဝါရီ ၆

မော်လမြိုင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ၂၆-၁၂-၂၀၁၃ မှ ၂-၁-၂၀၁၄ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိ ထုတ်လွှင့်နေသော MRTVအစီအစဉ် လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို ၂၅-၁၂-၂၀၁၃ ရက် သတင်းစာများတွင် ပြည်သူများအား အသိပေးတင်ပြထားခဲ့သည်။

ယခုအခါ Digital Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ၂-၁-၂၀၁၄ ရက် ညနေ ၆ နာရီ ထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 10 KWဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းလေးဟိုတယ်ဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

တောင်ကြီး ဇန်နဝါရီ ၆

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် အကောင်အထည်ဖော်လျက်ရှိသည့် ဟိုတယ်ဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ယခုအခါ မြေသားလုပ်ငန်း ၉၁ ရာခိုင်နှုန်း ပြီးစီး၍ လမ်းတံတားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပြီး မပြီးပြတ်သေးသည့် မြေယာလျော်ကြေးကိစ္စများလည်း ပြီးပြတ်ရေး သက်ဆိုင်ရာ ကော်မတီများက ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က ဟိုတယ်ဇုန်မြေနေရာ ငွေပေးသွင်းမှု၊ ပေးသွင်းရန် ကျန်ငွေ လုပ်ငန်းအတွက် ပြန်လည်ထုတ်ပေးမှု စာရင်းများကို အသေးစိတ်ရှင်းလင်း တင်ပြပြီး တက်ရောက်လာကြသူများက ဆပ်ကော်မတီအလိုက် တင်ပြကြသည်။ အင်းလေးဟိုတယ်ဇုန် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုမှာ မြေကြီးလုပ်ငန်း ၂၈၄၃၉၄ ကျင်း၊ ကတ္တရာလမ်းခင်းခြင်း ၁၁ ဒသမ ၄၁ မိုင်၊ လေးပေအကျယ် လမ်းဘေးပလက်ဖောင်း ၁၀ မိုင်၊ လမ်းဘေး ကျောက်စီရေမြောင်း ၁၂ မိုင်၊ လေးပေအကျယ် လမ်းလယ်ကျွန်း ပေ ၃၀၀၀၀၊ သံကူကွန်ကရစ်ရေပြွန်၊ တံတားများ ၅၇ စင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံနှင့် မီးသွယ်တန်းခြင်း နောင်ကား-ဟိုတယ်ဇုန် 66KV ၂၆ မိုင်နှင့် ဟိုတယ်ဇုန်အတွင်း ၂၀ ဒသမ ၈၄ မိုင် စုစုပေါင်း တန်ဖိုး ကျပ်သန်းပေါင်း ၃၃၇၄၈ ဒသမ ၈၈ ကို အခြေခံအဆောက်အအုံ ခန့်မှန်းကုန်ကျစရိတ်အဖြစ် ကျခံသုံးစွဲထားပြီး ဆက်လက်၍လည်း ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ခြင်း၊ ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ထွန်း (TGI)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၅.၁.၂၀၁၄) ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာ အဆင့်မီ PRO1 Pro 1 Home Center အား အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်း အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

I. E. M Company Limited
Total Power Solution for YOU

Ph : 389141, 241863, 09 43043109, 09 73261432

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဂျပန်နိုင်ငံ၏ အကူအညီဖြစ်သော JICA ODA LOANဖြင့် တောင်ကြီးမြို့/ကလောမြို့၊ မြို့ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ပစ္စည်းပေးပို့ရန်နေရာ
(က)	မော်တာ(100 HP, 75 HP, 60 HP)၊ ပန့်နှင့် ဆက်စပ်ပစ္စည်းများ	1 Lot	တောင်ကြီးမြို့
(ခ)	ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ	1 Lot	ကလောမြို့

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၈-၁-၂၀၁၄ရက် ၁၂း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၈-၁-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁-၂၀၁၄ ရက်မှ စတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော် (တယ်လီဖုန်း အမှတ် ၀၆၇-၄၀၉၄၀၇၊ ၄၀၈၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့၊ အထက(၁)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖိတ်ကြားလွှာ

လားရှိုးမြို့၊ အထက(၁) ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားနှင့် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ ဆရာမကြီးများ၊ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပေးကြပါရန် ရွှေရတုသဘင်ကျင်းပရေးကော်မတီညီအစ်ကိုမောင်နှမများမှ လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁၁-၁-၂၀၁၄ ရက် (စနေနေ့)
နံနက် ၉ နာရီ
ရွှေရတုသဘင်အခမ်းအနားဖွင့်ပွဲ
အကပဒေသာဖျော်ဖြေရေးများ
မွန်းလွဲ ၁ နာရီ
(စာပေဟောပြောပွဲ)
ကျောင်းသားဟောင်းများဖြစ်ကြသည့်
မြင်းမူမောင်နိုင်မိုးနှင့် ဒေါက်တာခင်မောင်လွင် (FAME)

၁၂-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
နံနက် ၉ နာရီ
အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ
မွန်းလွဲ ၁ နာရီ
စင်တင်တေးဂီတနှင့် အကပဒေသာများ
ညပိုင်း
စင်တင်တေးဂီတနှင့် ဟားတစ်သိုက်အငြိမ့်

ပြည်တွင်းသတင်း

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲစတင်

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မဏိရတနာ ကျောက်စိမ်းခန်းမ (နေပြည်တော်)တွင် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက ဖွင့်လှစ်ခဲ့ရာ ပြည်တွင်းကျောက်ကုန်သည်၊ ရတနာကုန်သည်များ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းနှင့် ယာဒ်ဝန်းရှိ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို လေ့လာကြည့်ရှုကြသည်။

လေ့လာ

အဆိုပါ ကျောက်မျက်ရိုင်းများနှင့်ကျောက်စိမ်း အသားကျောက်များကို ရတနာကုန်သည် ၁၃၀၀ ခန့် ဝင်ရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျင်းပမည်

အဆိုပါ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် မိုးရတနာ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်မှ ကျောက်စိမ်းပန်းပုထုစက် Computer Numerical Control (CNC) အဆင့်မြင့်နည်းစနစ်ဖြင့် ပန်းပုထုလုပ်နေသည့်ပြခန်းကို ဖွင့်လှစ်ပြသရာတွင် ရတနာကုန်သည်များ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာနေသည်ကို တွေ့ရသည်။ ထိုကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဇော်(မင်္ဂလာ)

သွေးသည်အသက်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၅၀၀၀-၆၁၆၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၄၇၀၀-၆၁၆၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၃၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၆-၃၂.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၆-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၀-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၇၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၇၀၀-၆၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၃၀၀-၁၁၂၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၅၂၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၅
၆။ မြင်းခြံကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၈၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၇၅-၁၁၀၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၆၅၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၅၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၂၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

Silver Tiger Co.,Ltd (ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး) မှ တင်သွင်းဖြန့်ချိ ရောင်းချလျက်ရှိသော OPPLE အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်း အမျိုးမျိုးတို့ကို ဆယ်စုနှစ်တိုင်တိုင် အစဉ်တစိုက် ဝယ်ယူအားပေးလျက်ရှိကြသော မိတ်ဟောင်းမိတ်သစ်များ၊ ဝယ်ယူသုံးစွဲသူ ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှအရောင်းကိုယ်စားလှယ်ကြီးများအား နှစ်သစ်မင်္ဂလာတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစေကြောင်း၊ စီးပွားလာဘ်လာဘများ ဆထက်ထမ်းပိုး တိုးတက်၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပျော်ရွှင် ချမ်းမြေ့ စေကြောင်းကို ငွေကျားတိုက် မိသားစု မှ နှစ်သစ်ဆုတောင်း မေတ္တာ ပို့အပ်ပါသည် -

Silver Tiger Co.,Ltd.

(ငွေကျားတိုက်လျှပ်စစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး)

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး

SMEs အတွက် JICA နှင့် KFW တို့မှ နှစ်ဆင့်ချေးငွေရရှိရေး ဧပြီတွင်ဆောင်ရွက်မည်

နေပြည်တော် ဇန်နဝါရီ ၆

အသေးစားနှင့် အလတ်စား လုပ်ငန်း လုပ်ကိုင်သူများအတွက် JICA နှင့် KFW တို့မှ ချေးငွေများချထား ပေးနိုင်ရေးကို ဧပြီလအတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းလုပ်ကိုင်သူများကို ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်းအထိ ချေးငွေများ ထုတ်ချေးခဲ့သော်လည်း နောက်ပိုင်းတွင် ချေးငွေထုတ်ပေးခြင်းကို ရပ်နားထားခဲ့ပြီး ယခုနှစ် ဧပြီလအတွင်း ပြန်လည်ထုတ်ချေးပေးနိုင်တော့မည်ဖြစ်သည်။

“ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICAနဲ့ KFW တို့ကနေ နှစ်ဆင့်ချေးငွေအနေနဲ့ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ တိကျတဲ့ ထုတ်ချေးငွေပမာဏကိုတော့ မသိရသေးပါဘူး။ ဒါပေမယ့် SMEs တွေကို ရည်ရွယ်ပြီး ချေးငွေထုတ်ချေးမှာပါ။ KFWက ဂျာမန်က ဂျီအိုင်ဇက်ရဲ့ နည်းပညာတွေကိုပါ ပါဝင်ကူညီပေးသွားဖို့ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ SMEs ၆၂ ဦးအထိ ချေးငွေထုတ်ချေးပေးနိုင်ခဲ့တယ်” ဟု အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဌေးက ပြောပြသည်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူလိုသူ SMEs လုပ်ငန်းရှင်အများအပြားရှိနေပြီး လုပ်ငန်းရှင်များကလည်း ယမန်နှစ်က ၆၂ ဦးချေးငွေရရှိမှုထက် ချေးငွေအခွင့်အလမ်းပိုမိုရရှိနိုင်ရန် စုံစမ်းနေကြသည်။

“ကျွန်တော်တို့ချေးငွေက လုပ်ငန်းရှင်တွေနဲ့နှိုင်းယှဉ်ရင် ပမာဏနည်းနေပါတယ်။ SMEs အမှန်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ချေးငွေတွေကိုလုပ်ငန်းရှင်အများစုရရှိအောင် စီစဉ်ပေးသင့်ပါတယ်။ လက်ရှိမှာ SMEs ဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်က အင်နဲ့အားနဲ့ ကြေညာနေပြီး အခွန်ကင်းလွတ်ခွင့်တွေအထိ ပေးထားတယ်။ သို့သော် ရင်းနှီးမြှုပ်နှံဖို့အတွက် ချေးငွေကဏ္ဍ ကျယ်ပြန့်လာဖို့လိုပါတယ်။ ပြီးမှာ ချေးငွေပြန်ချေးမယ်ကြားပေမယ့် လိုအပ်တဲ့အနေအထား သတ်မှတ်ချက်များကို လုပ်ငန်းရှင်တွေကို ချပြမထားသေးလို့ ရေရေရာရာ သိရှိလိုပါတယ်” ဟု SMEs အထည်ချုပ်လုပ်ငန်းရှင် ကိုစောစည်သူမျိုးက ပြောသည်။

လက်ရှိတွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ လုပ်ငန်းရှင် ၆၂ ဦးကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ချေးငွေများ ထုတ်ချေးပေးထားပြီး ထပ်မံ၍JICA နှင့် KFW တို့၏ နှစ်ဆင့်ချေးငွေရရှိပါကလည်း ယင်းအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

“နှစ်ဆင့်ချေးငွေဆိုတာက JICA ကနေ မြန်မာ့စီးပွားရေးဘဏ်ကို ဘဏ်တိုးနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ငွေချေးထားပေးမယ်။ မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့် အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို လေးရာခိုင်နှုန်းနဲ့ပြန်ချေးပေးမယ်။ ဘဏ်ကနေပြီး SMEs လုပ်ငန်းရှင်တွေကို ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ပြန်လည်ထုတ်ချေးပေးမှာ ဖြစ်ပါတယ်”ဟု ဦးတင်မောင်ဌေးက ပြောကြားသည်။ ချေးငွေများရရှိနိုင်ရန်အတွက် SMEs လုပ်ငန်းရှင်အများစု မျှော်မှန်းကြပြီး အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းမှ လျှော့ချပေးနိုင်ရန်အတွက်လည်း လုပ်ငန်းရှင်များက ဆန္ဒရှိကြသည်။ “ဘဏ်တိုးနှုန်းကို ယခုထက် လျှော့ချပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက် အလွန်အဆင်ပြေနိုင်ပါတယ်။ နိုင်ငံတကာမှာလည်း SMEs ချေးငွေတွေကို ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ ကောက်တာမရှိသလောက်နည်းပါးပါတယ်။ ကျွန်တော်တို့တိုင်းပြည်က ဖွံ့ဖြိုးစအခြေအနေဆိုတော့ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို မြေတောင်မြှောက်ပေးနိုင်တဲ့ တစ်ခုတည်းသောအရာက ချေးငွေဖြစ်ပါတယ်”ဟု အထည်ချုပ်လုပ်ငန်းရှင် ကိုစောစည်သူမျိုးက ပြောသည်။

ပြည်တွင်းစက်မှုဇုန်တစ်ခုရှိ အထည်ချုပ်လုပ်ငန်းခွင်ကို မြင်တွေ့ရစဉ်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်အတွက် ဥရောပရင်းနှီးမြှုပ်နှံမှုကော်မရှင်အပါအဝင် ဆွစ်ဇာလန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများကလည်း ချေးငွေပံ့ပိုးမှုများပြုလုပ်ရန် ၂၀၁၃ ခုနှစ်အတွင်း အစီအမံများ ချမှတ်ခဲ့သည်။

ခင်ရတနာ

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မဘိမ်းမြို့၌ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

မဘိမ်း ဇန်နဝါရီ ၆

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မဘိမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **မျိုးမင်း(iprd)**

လမ်းဖွင့်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပ

လက်ပံတန်း ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ဆုရသားကောင်းမိခင်နှင့်ကလေးများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာအေးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အထူးဆုအဖြစ် လွတ်လပ်ရေးနေ့တွင် မွေးဖွားသည့် ဘီးလင်းတန်းရပ်ကွက်မှ လွတ်လပ်မောင်အား ခရိုင်နှင့် မြို့နယ်ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌတို့က ဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **(၀၉၈)**

အာဆီယံ-ဂျပန်စွမ်းအင်ဆိုင်ရာ ထိရောက်စွာအသုံးချရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

အာဆီယံ-ဂျပန် စွမ်းအင်ဆိုင်ရာ ထိရောက်စွာအသုံးချရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၁၃ (ASEAN-Japan Energy Efficiency Partnership-AJEEP Project) အရ စက်မှုဝန်ကြီးဌာနသည် Energy Conservation Center-Japan (ECCJ)၊ ASEAN Center for Energy (ACE)၊ စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စွမ်းအင်ထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး Legal Frame Work တစ်ခုပေါ်ပေါက်လာရေးအတွက် စွမ်းအင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ avenue 64 hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး Energy Conservation Center-Japan (ECCJ) နှင့် ASEAN Center for Energy(ACE) တို့မှ တာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

၎င်းနောက် တက်ရောက်လာကြသူများမှ မြန်မာနိုင်ငံ၏စွမ်းအင်ထိရောက်စွာ သုံးစွဲရေးနှင့်ခြိုးခြံချွေတာရေး Legal Frame Work တစ်ခုပေါ်ထွက်လာရေးအတွက် ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စွမ်းအင်စီမံခန့်ခွဲမှု လက်စွဲစာအုပ်အသုံးချရေးသင်တန်းကို ဇန်နဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမီးဦးရတနာဖွားမြင်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဦးရတနာလေးအား (၆-၁-၂၀၁၄)ရက်နေ့တွင် ကျန်းမာစွာခွဲစိတ်မွေးဖွားသန့်စင်ပေးပါသော တပ်မှူးပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေး၊ ဗိုလ်မှူးကျော်ဇင်ဝင်း၊ ဗိုလ်မှူးထက်အောင်၊ ဒေါက်တာဖြူတီထွန်း၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်း၊ ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်းညွန့်၊ ဗိုလ်မှူးကျော်သူရ၊ မေ့ဆေးပါရဂူ ဒုတိယဗိုလ်မှူးကြီးအောင်ရွှေစော၊ ဗိုလ်မှူးကျော်ကျော်ဌေး၊ ဗိုလ်မှူးချမ်းမြေ့၊ ဗိုလ်ကြီးသန့်ဇင်၊ ခွဲစိတ်ဆရာဝန် ဗိုလ်ကြီးသီသီမြင့်၊ ဗိုလ်ကြီးတင်မာဆွေ၊ ဗိုလ်ကြီးခင်နန္ဒာထွန်း၊ အထက်တန်းသူနာပြု သီဟဇော်နှင့် သားဖွားဆရာမ ခိုင်ခိုင်စိုး၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးကြပါသော ဆေးတပ်ဖွဲ့ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးမြင့်သိန်းနှင့် ဇနီးဒေါက်တာမာနီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးနှင့် အရာရှိဇနီးများ၊ ဆရာဝန်၊ သူနာပြု ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ သမီးဦးလေးဖွားမြင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများ၊ မွေးနေ့လက်ဆောင်ပေးပို့ကြသူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သော ဘိုး၊ ဘွားများ
နှင့်
ကိုအောင်ပြည့်စုံ+မမျိုးရတနာထိုက်

၆-၁-၂၀၁၄ရက် မွေးနေ့ရှင် စုနှင်းအေးသို့

* ညခင်းမှာသာတဲ့ **လမင်း**ဟာ **မင်း**ဆိုရင်
နံဘေးမှာ ဝန်းရံခနေတဲ့ **ကြယ်စင်လှလှလေး** ဖြစ်ချင်ပါရဲ့
* ပတ္တမြားရောင်သန်းတဲ့ **နှင်းဆီပန်း**ဆိုရင်
ဘေးမသီ ရန်မခစေတဲ့ **ဆူးထက်မြက်** ဖြစ်ချင်ပါရဲ့
* ရောင်စုံသန်းတဲ့ **ပန်းဥယျာဉ်**ဆိုရင်
ချိုလွင်အသံသာတဲ့ **ငှက်ဝါလေး** ဖြစ်ချင်ပါရဲ့
* **မိုး** ဆိုရင် **လေညင်း**၊ **နွေ** ဆိုရင် **ရေအေး**
ဆောင်း ဆိုရင် **အနွေးဓာတ်လေး** ဖြစ်ချင်ပါရဲ့
* အနန္တငါးပါး ရှိသေတဲ့ **ကလေး**အတွက် ကုသိုလ်ရအောင် ပံ့ပိုးပေးနိုင်တဲ့
ဆရာကောင်းတစ်ယောက် ဖြစ်ချင်ပါရဲ့

လတ်၊ မင်း၊ မိုး

INVITATION FOR TENDER

Deutsche Welthungerhilfe, in collaboration with the Department of Agriculture Service, is planning to provide

Construction Materials for six Granaries
in Htan Tabin Township ,Yangon Region.

Sand (14 suds), Cement (390 bags), River Shingle(12 Suds), Brick(31680 no.), Hardwood (Scant/Plank- 732 / 594 Cuft) wire nail(96 viss) ,7'CGI sheet (378 sht), GI plain sheet (468 Rft) and Roofing nail (18 viss) ect...
Interested parties are invited to receive detailed information and tender forms at our office from **7th January, 2014 8:00 am or email to :whh.htb.om@gmail.com**
Tender closing: 21st January, 2014, 5:00 pm
Office Address: Welthungerhilfe Project office
O-134, Orchid Lane 4, FMI City, Hlaing Thayar Tsp.
Phone: 01-687416

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မောင်မောင်ဦး ၁၂/တမန(နိုင်)၀၀၂၈၉၅၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၂၈၁၁၇၇**

အမည်ပြောင်း

ဦးမင်းရဲလတ်၏သမီး၊ ဒဂုံမြို့နယ်၊ အလက(၁)၊ ပဥ္စမတန်း Grade-6 (C)မှ မရည်မွန်ရှင်းသန့်အား မခိုင်စုယသော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်စုယသော်**

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

ဘာစီလိုနာအမှတ်ပြည့်ယူဦးမယ့်စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များ

မိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၉ ရက်မှာ ဆက်လက်ကစားမှာမို့ အရေးကြီးတဲ့ပွဲစဉ်တွေအဖြစ် ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေရဲ့ ဖိအားပေးကစားမှုနဲ့တွန်းကန်အားတွေကို မြင်တွေ့ရမှာဖြစ်ပြီး အနိုင်ရလဒ်တွေကို ပြိုင်တူဆောင်ကြဉ်းနိုင်ဖို့ ကြိုးစားကြပါလိမ့်မယ်။

ဘာစီလိုနာနှင့် ဂီတာဖေး

ဘာစီလိုနာတို့က စပိန်ဘုရင့်ဖလားကို လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်လို့ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ ဘာစီလိုနာဟာ ဒီနှစ်ရာသီမှာ ဖလားတွေရနိုင်သမျှယူဖို့ ကြိုးစားနေတာမို့ ဂီတာဖေးတို့အတွက် အခက်တွေ့နိုင်ပြီး ဂီတာဖေး၏ ခြေစွမ်းကလည်း မတည်ငြိမ်ဖြစ်နေတာမို့ ဘာစီလိုနာနဲ့ ခြေစွမ်းကွာဟနေတာကြောင့် ဒီပွဲမှာ ဂိုးမပြတ်နိုင်အောင်ဘဲ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲရဲ့ရလဒ်ကောင်းဟာ ဘာစီလိုနာတို့ပဲ သိမ်းပိုက်မှာဖြစ်ပါတယ်။

ဗလင်စီယာနှင့် အက်သလက်တီကို

ဗလင်စီယာတို့အတွက် ဒီပွဲဟာ ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။ ဗလင်စီယာက ဒီပွဲမှာအနိုင်ရအောင်ကစားနိုင်တဲ့ ခြေစွမ်းရှိပေမယ့် အက်သလက်တီကိုတို့က ခြေစွမ်းအကောင်းဆုံးပုံစံရရှိနေတာမို့ အိမ်ရှင်တို့မလွယ်ပါဘူး။ အက်သလက်တီကို တိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်လည်းမြင့်မားပြီး အနိုင်ရလိုစိတ်လည်း ပြင်းထန်နေတာမို့ ဒီပွဲမှာတော့ အက်သလက်တီကိုတို့ရဲ့ စွမ်းဆောင်ရည်က ရလဒ်ကောင်းကို ဖန်တီးနိုင်ပါလိမ့်မယ်။

ဘက်တစ်နှင့် ဘီလ်ဘာအို

ဘက်တစ်ရဲ့ ပွဲတိုင်းအားထည့်ကစားမှုက အလေးထားစရာဖြစ်ပေမယ့် ဘီလ်ဘာအိုတို့က အနိုင်ရလဒ်ကို ပုံဖော်နိုင်တာ ပိုပြီးများပါတယ်။

ဘီလ်ဘာအိုဟာ စပိန်ဘုရင့်ဖလားပွဲတွေမှာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့စွမ်းရည်ရှိတာမို့ ဘက်တစ်တို့အတွက် ဒီပွဲမှာ ပင်ပန်းမှုတွေနဲ့ကြုံတွေ့ရနိုင်သလို အိမ်ရှင်ပရိသတ်တွေအတွက် အပျော်ဖန်တီးမှုလည်းပေးနိုင်မှာမဟုတ်ပါဘူး။

အက်ကော်ကွန်နှင့် အက်စ်ပန်ညို

အက်ကော်ကွန်ရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ပွဲရလဒ်တွေကို ကြည့်ရင် သရေပွဲနဲ့ရှုံးပွဲတွေများနေတာမို့ အခုပွဲမှာ အက်စ်ပန်ညိုကို ဘယ်လောက်အထိ တွန်းကန်နိုင်မလဲကြည့်ရမှာပါ။ အက်စ်ပန်ညိုတို့ကလည်း ခြေအတက်အကျရှိနေတာမို့ ဒီပွဲမှာ တော်ရုံအားထည့်လို့မရနိုင်ပါဘူး။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းကို ကြည့်ရင်တော့ အက်စ်ပန်ညိုတို့ကိုပဲ ယုံကြည်မှုပိုထားရမှာဖြစ်ပါတယ်။

အက်ဖ်အေဖလား အာဆင်နယ်နှင့်ကိုဗင်ထရီတွေ့မည်

လန်ဒန်ပြိုင်ဘက် စပါးကို အနိုင်ရလိုက်သည့် အာဆင်နယ်က အက်ဖ်အေဖလား စတုတ္ထအကျော့တွင် ပထမတန်းကလပ် ကိုဗင်ထရီနှင့်ကစားရမည်။

လက်ခံကစား

၂၀၁၃ ခုနှစ်တွင် ဘလက်ဘန်းကို ပဥ္စမအကျော့တွင်ရှုံးပြီး ထွက်ခဲ့ရသည့် အာဆင်နယ်အသင်းသည် ၂၀၀၅ ခုနှစ်က အက်ဖ်အေဖလားကို နောက်ဆုံး ဆွတ်ခူးခဲ့သည်။ ထိုအတောအတွင်း ချယ်လ်ဆီးက စတုတ်ကို လက်ခံကစားရမည်။ မန်ယူကို အနိုင်ရလိုက်သည့် ဆွမ်ဆီးက ဘာမင်ဂမ်စီးတီး သို့မဟုတ် ခရိုလီတောင်းနှင့် ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံဝီဂန်က ပြန်ကန်ပွဲတွင် အမ်ကေဒွန်းကိုအနိုင်ရလျှင် ခရစ္စတယ်ပဲလေ့စ်နှင့် ကစားရမည်ဖြစ်သည်။

မာတီနက်ဇ်၏ အဲဗာတန်က လိဂ်ဝမ်းကလပ် စတီဗင်နေ့ဂ်နှင့် ကစားရမည်။ ဆိုးလ်ရှား၏ ကာဒစ်အသင်းက ချန်ပီယံရှစ်မှ ဘော်လ်တန်နှင့်ကစားရမည်။ လိဂ်ဝမ်းကလပ် အိုးဟမ်းကို နှစ်ဂိုးပြတ် အနိုင်ရသောလီဗာပူးက ချန်ပီယံရှစ်ကလပ် ဘုန်းမောင့် သို့မဟုတ် ဒုတိယတန်းကလပ် ဘာတန်နှင့် ကစားရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကစားကြမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

မန်ယူ အက်ဖ်အေပြိုင်ပွဲမှ ထွက်ရပြီ

အက်ဖ်အေဖလားတတိယအကျော့ပြိုင်ပွဲတွင် မန်ယူတို့အိမ်ကွင်း၌ ဆွမ်ဆီးကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဆွမ်ဆီးက မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ ဧည့်အသင်းဆွမ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၁၂ မိနစ်အကြာ ရောက်ဒလက်က သွင်းယူခဲ့သည်။ ယင်းဂိုးကို ဟာနန်ဒက်က ပြန်လည်ချေပခဲ့သည်။ ဆွမ်ဆီးအတွက် အနိုင်ဂိုးကို မိနစ် ၉၀ ပြည့်ခါနီးတွင် ဝီဖရက်ဘိုနီက သွင်းယူသွားသည်။ ဆွမ်ဆီးက မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ အနိုင်ရလိုက်ခြင်းသည် သမိုင်းတွင်ပထမဆုံးဖြစ်သည်။ ရောက်ဒလက်၏ဖြတ်တင်ဘောမှ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဘိုနီက ခေါင်းတိုက်ဂိုးဖြင့်သွင်းယူခဲ့သည်။ ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် ဖာဘီယိုက ဂျို့ကောနက်စ်ကို ကြမ်းတမ်းစွာကစားခဲ့၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ ဆွမ်ဆီးတို့ ယင်းပွဲအနိုင်ရမှုကြောင့် ရှုံးပွဲဆက်နေမှုပြီးဆုံးသွားသည်။ ဒေးဗစ်မိုယက်စ်၏ မန်ယူအသင်းသည် ယခုနှစ်အတွင်း ယင်းရှုံးနိမ့်မှုကြောင့် အိမ်ကွင်းငါးပွဲမြောက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လာလီဂါ၊ စီးရီးအေပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

စပိန်ကိုပါဒယ်ရေးဖလား			**ဇန်နဝါရီ ၈**
ဗလင်စီယာ	-	အက်သလက်တီကို	နံနက် ၃း၃၀
အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား			**ဇန်နဝါရီ ၈**
ဆန်းဒါးလန်း	-	မန်ယူ	နံနက် ၂း၁၅
ပြင်သစ်အက်ဖ်အေဖလား			**ဇန်နဝါရီ ၈**
ဘရက်စ်	-	ပီအက်စ်ဂျီ	နံနက် ၁း၄၅

ဇန်နဝါရီ ၅/၆ ဂိုးရလဒ်များ

အင်္ဂလန်အက်ဖ်အေဖလားရလဒ်		
နော်တင်ဟမ်	၅-၀	ဝက်စ်ဟမ်း
ဆန်းဒါးလန်း	၃-၁	ကာလီဆေး
ဒါဘီ	၀-၂	ချယ်လ်ဆီး
လီဗာပူး	၂-၀	အိုဟမ်း
ပေါ့ဗယ်လီ	၂-၂	ပလိုင်းမောက်
အီတလီစီးရီးအေရလဒ်		
ချီယေဗို	၀-၀	ကက်ဂလီယာရီ
ဖီအိုရင်တီးနား	၁-၀	လီဗော်နို
ဂျူဗင်တပ်စ်	၃-၀	ရိုးမား
စပိန်လာလီဂါရလဒ်		
ဆီဗီလာ	၃-၀	ဂီတာဖေး
ဘာစီလိုနာ	၄-၀	အယ်လ်ချီ
အိုဆာဆူနာ	၁-၀	အက်စ်ပန်ညို
ဆိုစီဒက်	၂-၀	ဘီလ်ဘာအို
ပြင်သစ်အက်ဖ်အေဖလား		
ဗန်နက်စ်	၂-၃	မိုနာကို
မာဆေး	၂-၀	ရိမ်းစ်
ကွင်ပါရီ	၁-၂	အဂျာစီယို
နန့်တက်စ်	၀-၂	နိုက်စ်
ဘတ်စ်တီယာ	၁-၀	အီဗီယန်
ရိုဒက်ဇ်	၀-၂	မောင့်ပယ်လီယာ
ရာအွန်	၁-၂	ဘော်ဒိုး
အာမီယန်	၁-၃	လိုင်လီ
လာဆူဇီ	၁-၆	လိုင်ယွန်
ပါရွှန်နက်စ်	၀-၂	ဂူအင်ဂမ့်

ဦးအောင်ဝင်း
(ရှေ့တော်ဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ဖွင့်လှစ်ပါပြီ။
LCCI
021-371741, 240024, 381350

SUCCESS
MARITIME ACADEMY
facebook: Success Maritime Academy
DMA Approved 2nd Mate (O.O.W Class III) နှင့်
Chief Mate Class II February စတင်မည့်သင်တန်းများ
ECDIS နှင့် RADAR/ARPA သင်တန်းများ
Capt. San Moe Aung (Master Mariner, Fleetwood, U.K.)
H.N.D in Nautical Science (Fleetwood, U.K.), M.N.I (U.K.)
Ph.D Instructor
Discount
ECDIS နှင့် RADAR/ARPA 27-1-2014 စတင်မည်။
General Ship Knowledge + Marine English သင်တန်း
5:30 to 7:30 (Mon to Fri) 27-1-2014 စတင်မည်။

"အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၄ဖြင့် "သီဟသုဓမ္မသီဂိ" ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက်၊ အမှတ် (၁၉)၊ ကမ္ဘောဇရိပ်သာလမ်းနေ ဒေါ်မာမာအား ချီးမြှင့်ခြင်း ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးသန်းဆက်ဝင်း+ဒေါ်စိန်အေးမိသားစု

"လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၄ဖြင့် "သုဓမ္မသီဂိ" ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက်၊ အမှတ် (၃ စီ)၊ မေခလမ်းနေ ဒေါက်တာဒေါ်သင်းသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် (၉) ရပ်ကွက်၊ အမှတ် (၉၀) အင်းယားလမ်းနေ ဒေါ်ဝေဝေမွန်(ရွှေဟိန်းထက်ကုမ္ပဏီ) တို့အား ချီးမြှင့်ခြင်း ခံရသည့်အတွက် တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာ၏ ရန်ကုန်ဥပဋ္ဌာကအဖွဲ့မှ အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့
တိုက်ခွဲ(၃၂) သဲအင်းဂူ

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ (DeliveryUnit) သို့ မေးမြန်းအကြံပြုချက်များအပေါ် ထုတ်ပြန်ကြေညာ

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

၁။ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ပြည်သူများမှ အင်းတော်ဒေသတွင် မူလသဘာဝဓာတ်ငွေ့တွင်း နှစ်တွင်း၊ စမ်းသပ်တူးဖော်ခဲ့သည့်တွင်း တစ်တွင်း စုစုပေါင်းသုံးတွင်းကို စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပမာဏ တိုင်းတာသည့် ကျွမ်းကျင်ပညာရှင်များ စေလွှတ်တိုင်းတာခြင်းပြုနိုင်၊ မပြုနိုင်၊ သဘာဝဓာတ်ငွေ့သုံး (GAS TURBING ENGING) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းလာမှုနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မော်လိုက်မြို့နယ် အင်းတော်ဒေသတွင် ၁၉၃၂ မှ ၁၉၆၃ ခုနှစ်အတွင်း၌ Indo Burma Petroleum Co.,Ltd. မှ အစမ်းတွင်း ၇၅ တွင်း၊ ၁၉၆၃ ခုနှစ်တွင် Burma Oil Corporation မှ အစမ်းတွင်း တစ်တွင်း၊ ၁၉၇၈ မှ ၁၉၇၉ ခုနှစ်အတွင်း၌ Myanmar Oil Corporation မှ အစမ်းတွင်း သုံးတွင်း၊ ၁၉၉၀ ခုနှစ်တွင် Yukong Co., Ltd. မှ အစမ်းတွင်းတစ်တွင်းနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အစမ်းတွင်း သုံးတွင်း စုစုပေါင်း ၈၃ တွင်း တူးဖော်ခဲ့သော်လည်း စီးပွားဖြစ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါ။

၂၀၀၂ ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အင်းတော် အစမ်းတွင်းအမှတ်(၁)ကို တူးဖော်ခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၂ ကုဗပေသန်း စမ်းသပ်တွေ့ရှိခဲ့ပြီး အဆိုပါတွင်း ပတ်ဝန်းကျင်တွင် အကဲဖြတ်တွင်း နှစ်တွင်းကို ဆက်လက်တူးဖော်ခဲ့သော်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့မရရှိခဲ့ပါ။ စမ်းသပ်တွေ့ရှိခဲ့သည့် သဘာဝဓာတ်ငွေ့မှာလည်း စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အဆင့်မမီသဖြင့်လည်းကောင်း၊ ဆက်လက်တူးဖော်ခဲ့သည့်အကဲဖြတ်တွင်း နှစ်တွင်းမှလည်း သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေမတွေ့ရှိခဲ့သဖြင့် အဆိုပါဒေသတွင် စီးပွားဖြစ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုမရှိကြောင်းသုံးသပ်ပြီး ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ပါသည်။ ယခုအချိန်ထိ မိမိတို့၏နည်းပညာနှင့်စက်ပစ္စည်းကိရိယာများ အသုံးပြုပြီး ကြိုးပမ်းရှာဖွေခဲ့ပါသော်လည်း အဆိုပါဒေသတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနေမှုကို ရှာဖွေတွေ့ရှိခြင်းမရှိသေးပါ။ ယခုအခါ သဘာဝဓာတ်ငွေ့ ပြည်တွင်းလိုအပ်ချက် ပမာဏမြင့်တက်လာသဖြင့် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်မှုများပြုလုပ်ရန် ၂၀၁၃ ခုနှစ်တွင် 2nd Bidding Round နိုင်ငံတကာ တင်ဒါခေါ်ယူခဲ့ပါသည်။ တင်ဒါရွေးချယ် အောင်မြင်ခဲ့သော Pacific Hunt Energy Corporation, Canada သည် Block PSC-C1 (ရနန်း-အင်းတော်)ဒေသတွင် ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် (Production Sharing Contract) ချုပ်ဆိုရန်အတွက် ပြင်ဆင်နေပြီး စာချုပ်ချုပ်ဆိုပြီးပါက ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ စီးပွားဖြစ်သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းမှု ပမာဏခန့်မှန်းတွက်ချက် အတည်ပြုပြီးသော သက်ဆိုင်ရာဌာနများမှ သဘာဝဓာတ်ငွေ့သုံး (GAS TURBING ENGING) အင်ဂျင် တည်ဆောက်ရေးအတွက် ဆုံးဖြတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂။ ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချမှု၊ ထုပ်ပိုးမှုနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းလာသည့် မေးခွန်းများနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယူရီးယားဓာတ်မြေဩဇာများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံများအတွက်တိုးစေရေးအတွက် အဓိကဦးစားပေး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထိုသို့ဖြန့်ဖြူးရောင်းချရာတွင် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးအမှန်တကယ်ဆောင်ရွက်သူများ လက်ဝယ်သို့ ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တစ်ဆင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူသတ်မှတ်ပေးသည့် (Authorized Dealers) များမှတစ်ဆင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း လက်အောက်ရှိ ဆန်စပါးအထူးပြု ကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ စက်ရုံများ၏ ထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်များအပေါ် အခြေခံ၍ အချိုးကျဖြန့်ဖြူးရောင်းချပေးလျက် ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာအရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် ဓာတ်မြေဩဇာများကို Poly Ethylene(PE) ပလတ်စတစ်အိတ်အတွင်း ထည့်သွင်းပြီး အပြင်မှ Woven Poly Propelene(WPP) အိတ်များဖြင့် ထပ်မံထုပ်ပိုးထားရှိပါသည်။ Woven Poly Propelene(WPP) အိတ်များပေါ်တွင် အမှတ်တံဆိပ်၊ အသားတင်အလေးချိန်နှင့် နိုက်ထရိုဂျင်ပါဝင်မှု ရာခိုင်နှုန်းများ ထည့်သွင်းဖော်ပြပါရှိပါသည်။

၃။ သဘာဝသယံဇာတထုတ်လုပ်မှု ပွင့်လင်းမြင်သာမှုရှိစေရေး၊ သယံဇာတထုတ်လုပ်မှုအတွက် ပြည်သူတွေအကျိုးရှိနိုင်ရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု နည်းနိုင်သမျှ နည်းစေရေးအတွက် ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်စေလိုကြောင်း အကြံပြုတင်ပြလာသည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်၍ စွမ်းအင်ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ်ပါဝင်သော တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၂ ဖြင့် ထုတ်ပြန်ကြေညာထားချက်နှင့်အညီ အဆိုပါ ဦးဆောင်အဖွဲ့မှ ယခုနှစ်ကုန်အပြီး မြန်မာနိုင်ငံအား EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သယံဇာတထုတ်လုပ်မှုအတွက် ပြည်သူတွေအကျိုးရှိနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းနိုင်သမျှ နည်းစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအသစ်ပြဌာန်းခြင်း၊ တွင်းထွက်သယံဇာတများဖြစ်သည့် သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအပြင် အခြားသောစီမံကိန်းများအကောင်အထည်ဖော်ခြင်းမပြုမီ EIA, SIA, EMP လုပ်ငန်းများအပြင် CSR လုပ်ငန်းများကိုပါ ဦးဆောင် ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အသိပေးပြီးဖြစ်ပါသည်။

EITI **အဖွဲ့ဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အကျိုးကျေးဇူးများကို သိရှိလိုကြောင်း မေးမြန်းလာမှုအပေါ်** မြန်မာနိုင်ငံအား EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်ရေးအတွက် နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အရပ်ဘက်ပြင်ပအဖွဲ့အစည်း၊ ကုမ္ပဏီများပါဝင်သော သုံးပွင့်ဆိုင်အဖွဲ့ကိုဖွဲ့စည်းပြီး၊ အစိုးမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Myanmar Development Resource Institute နှင့် ပူးပေါင်းကာ ဆက်စပ်အစည်းအဝေးများ ကျင်းပခြင်း၊ EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်ရေးအတွက် Report ပြင်ဆင်ခြင်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကို EITI အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်-

(က) နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံကို အသိအမှတ်ပြုလာမည်ဖြစ်ပြီး အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာနိုင်ပါသည်။

(ခ) မြန်မာနိုင်ငံမှ အစိုးရ၊ ကုမ္ပဏီများ၊ ဒေသခံရပ်ရွာအသိုင်းအဝိုင်းများကြား ယုံကြည်မှုတည်ဆောက်နိုင်မည်။

(ဂ) အုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်လာစေနိုင်ပါမည်။

EITI ဘုတ်အဖွဲ့က မိမိနိုင်ငံအား အဖွဲ့ဝင်အဖြစ် ခွင့်ပြုသတ်မှတ်ပါက EITI မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ပဲခူး၌ကျင်းပ

ပဲခူး ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန် စိတ္တသုခခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးများ၏ ဇနီးများ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက ကလေးပြိုင်ပွဲ ပထမဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။

(၁၂၁)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(လားရှိုး)မြေနေရာများအနက်မှ အကျယ်အဝန်း ၁ဒသမ ၈၄ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၈-၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (လားရှိုး)တွင် ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖုန်း-၀၈၂-၂၈၀၆၃၊ ၀၈၂-၂၈၀၆၄၊ ၀၉-၅၀၂၆၆၁၇

သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Copier Toner (Sharp) (202 ST) (၃၀) ခု

(ခ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (A4) (၃၂၀၀) ထုပ်

(ဂ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (A3) (၅၀) ထုပ်

(ဃ) နိုင်ငံခြားစက္ကူ (70 gsm) (IK Plus) (Legal) (၁၀၀) ထုပ်

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန

သတ္တုတွင်းဦးစီးဌာန

ရုံးအမှတ်(၁၉)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၀၉၃၇၇

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထားဝယ်ခရိုင်၊ ထားဝယ်မြို့ အမှတ်စဉ်(၄/၂၀၁၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လမ်း၊တံတားလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်	ရေတွက်ပုံ
၁။	ဘိလပ်မြေ	၆၁၁၀	အိတ်
၂။	သံချောင်းလုံး(ရှယ်စုံ)	၉.၁၄	တန်
၃။	ခွဲကျောက်ရှယ်စုံ	၄၃၈၅.၅၀	ကျင်း

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၂-၁-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ထားဝယ်မြို့၊ ၁၃-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် သတင်းအချက်အလက်များကို အထက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး ၂-၁-၂၀၁၄ရက်မှစ၍ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ထားဝယ်ခရိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ၂၃၀/၆၆ကေဗွီ၊ (၁၀၀)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါရောင်းချမည့်နေ့ရက်** - ၂-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)

၃။ **တင်ဒါပိတ်မည့်နေ့ရက်** - ၃-၂-၂၀၁၄ ရက် (တနင်္လာနေ့)

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်လက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း ညွှန်ကြားရေးမှူးရုံး၊ အမှတ်(၆၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃)လမ်းထောင့် (ဧရာဝဏ်ဆောက်လုပ်ရေးမှတ်တိုင်အနီး)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၉၀၀၈၈

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၄၁၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ် ၇၂၅ဟုအမည်တွင်သော ပေ(၄၁×၆၀)အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်မှာ ဦးကျော်မြ ၁၂/သကတ(နိုင်)၀၄၈၇၃၁ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ မခွဲမစိတ်ရသေးသည့် မြေ၏ တောင်ဘက်ခြမ်း အကျယ်ပေ(၂၁×၆၀)ရှိ နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသည့် အမှတ် ၇၂၅၊ ကံ့ကော်လမ်း၊ (၄၁)ရပ်ကွက်ဟုခေါ်တွင်သောအိမ်အပါအဝင် အကျိုးခံစားခွင့်အဝဝတို့ကို ဒေါ်သဇင်နွယ် ၁၀/သထန(နိုင်)၁၀၇၆၈၅က စာချုပ်အဆက်အစပ် အရှုပ်အရှင်းကင်းစွာဖြင့် လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာထုတ်ဖော်ကမ်းလှမ်းချက်အရ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေနှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြဝင်း ဖုန်း-၀၉-၄၂၀၀၀၈၄၉၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်

ခနောင်ချောင်းဝကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် တည်ရှိနေသောရွာတစ်ရွာဖြစ်သည်။ စဉ့်အိုးတန်းဆိပ်ကမ်းမှ ထွက်သည့် ခရီးသည်တင် မော်တော်စီးသွားပါက တစ်နာရီခန့်သာစီးရသည်။ အိမ်ခြေစုစုပေါင်း ၅၀၀ ခန့်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် ရေလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ အိမ်ခြေ ၃၀၀ ခန့်မှာ ဓနိမိုး၊ ထရံကာ (အချို့မှာဝါးကပ်ထရံပင် မကာနိုင်၍ ပိန်အိတ်ခွံများ၊ ကျူထရံများသာ ကာထားရသည်) အိမ်ဟု မည်ကာမတ္တခေါ်နိုင်သော အမိုးမလုံ၊ လေမလုံ၊ ချမ်းခိုက်ခိုက်တုန်နေရသည့် တဲငယ်ကလေးများဖြစ်ကြသည်။

ယခင်နှစ်ပေါင်း ၃၀ ခန့်က ရန်ကုန်မြစ်ကြီးကိုအမှီသဟဲပြု၍ဝမ်းစာ ရှာဖွေကြသည့် ရေလုပ်သားများ၏ဘဝမှာ ဆီတစိုစိုဖြင့် ဝမ်းလည်းဝ၊ ခါးလည်းလှနိုင်ခဲ့ကြသည်။ တိတိကျကျပြောရပါလျှင် လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစ၍ ငါးများလိုင်လိုင်မရတော့ပါ။ ပို၍ဆိုးသည်မှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးချိန်တွင် ရန်ကုန်မြစ်အတွင်း ငါးကြီးများ သိပ်မတိုးတော့၍ ရေလုပ်သားများ၏ဘဝမှာ မစိုပြည်နိုင်တော့ပါ။

လှေပိုင်ရှင်၊ ပိုက်ပိုင်ရှင်များက မိမိတို့လှေနှင့်ပိုက်ကို ငှားရမ်းလုပ်ကိုင်သူ အား ငှားရမ်းခအဖြစ် ရှာဖွေရရှိသောငါးများကို ရောင်းချရငွေ၏တစ်ဝက်ကို ယူသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း နှစ်လခန့်သာ တစ်လတွင် ငါးကောင်းကောင်းရသည့်ရက်ခြောက်ရက်၊ခုနစ်ရက်ခန့်ထိရှိသော်လည်းကျန် လများ တွင်တစ်လလျှင် တစ်ရက်နှစ်ရက်ခန့်သာ ငါးရကြပြီး တချို့လများတွင် လုံးဝမရသည်များလည်းရှိလာသဖြင့် လစဉ်အကြွေးသံသရာတွင် ချာချာ လည်နေရတော့သည်။

လင်ယောကျ်ားများ၏ ဝင်ငွေမရှိသောနေ့များတွင် အိမ်ရှင်မများကအတိုး ဖြင့်ချေးငှားကာဈေးရောင်းကြရသည်။ ရန်ကုန်တစ်ဖက်ကမ်းမှ ရာသီကုန် သစ်သီးများ ဟင်းသီးဟင်းရွက်များကိုတက်ဝယ်ပြီး ရောင်းချကြရာ ၁၀ ရက် ခန့်တွင် နေ့ပြန်တိုးပေးရခြင်း၊ စားစရိတ်ထဲရောက်သွားရခြင်းတို့ကြောင့် ချေးထားသည့်အရင်းငွေကျပ်တစ်သောင်းမှာ စုံးစုံးမြုပ်သွားရတော့သည်။

မရှိဆင်းရဲသားများ၏ ငွေချေးယူရသည့်အတိုးကို သူတို့ဒေသအခေါ် နေ့စဉ်ငါးပြားတိုးဟုပြောကြသည်။ နေ့ပြန်တိုးဟုလည်းခေါ်သည်။ ဥပမာ- ငွေကျပ်တစ်သောင်းချေးပါက နေ့စဉ်အတိုးငွေကျပ် ၅၀၀ သွင်းသွားရသည်။ အရင်းကျပ်တစ်သောင်းမဆပ်နိုင်သရွေ့ နေ့စဉ်အတိုးငွေ ၅၀၀ ကျပ်ကို မပြတ်သွင်းရမည်ဖြစ်သည်။ ငွေကျပ်တစ်သောင်းချေးပါက တစ်လအတွက် အတိုးနှုန်းမှာ ကျပ်တစ်သောင်းခွဲရှိနေသည်။ ထိုကဲ့သို့ အလွန်များပြားသည့် အတိုးနှုန်းကို မျက်စိမှိတ်ပြီးချေးယူရင်း အတိုးနွံနစ်ပြီး ရုန်းမထွက်နိုင်သည့် အိမ်ရှင်မများစွာ ရှိနေကြသည်။ အကြွေးဆပ်ဖို့အတွက် မိမိတို့အမြတ်တနိုး ထားရှိခဲ့သည့်ဆံပင်ကိုဖြတ်ရောင်း၍ အကြွေးဆပ်ခဲ့ရကြောင်း၊ မုဆိုးမများမှာ မိမိတို့သားသမီးများကို မူလတန်းပညာအနိုင်နိုင်သင်ခိုင်းပြီး ကျောင်းနုတ် ထားရကြောင်း အိမ်ရှင်မများ၏ ရင်ဖွင့်စကားသံများကို ရင်နင့်စွာ ကြားခဲ့ရသည်။

၂၅-၁၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရသည့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေး၊လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အတွက် အသေးစားချေးငွေထုတ်ပေးခဲ့ရာ ယခု ၂၀၁၄ ခုနှစ်တွင် ယခင် အတိုးနှုန်း ၂ ကျပ် ပြား ၅၀ မှ၊ ၁ ကျပ် ပြား ၅၀ အထိ လျှော့ချပြီး ထုတ်ချေးပေးမည်ဟု သိရှိရသည်။ ခနောင်ချောင်းဝကျေးရွာရှိ ဆင်းရဲသား ငွေမဲ့၊ မြေမဲ့၊ ပိုင်ဆိုင်မှုမဲ့သူများအတွက် အတိုးနှုန်းအလွန်နည်းပါးစွာဖြင့် ငွေချေးယူ၍ရမည်ဆိုသည်မှာ အလွန်ပင်ဝမ်းမြောက်စရာ သတင်းကောင်း တစ်ခုဖြစ်နေပေလိမ့်မည်။

အောင်(ရွှေရောင်လွင်ပြင်)

ခနောင်ချောင်းဝကျေးရွာသည် ရန်ကုန်မြို့နှင့် မဝေးလှသော်လည်း ကျေးရွာရှိ တစ်ခုတည်းသော သဘာဝအရင်းအမြစ်ဖြစ်သည့် ရန်ကုန်မြစ်မှ ငါးဖမ်းခြင်းလုပ်ငန်းတစ်ခုတည်းကိုသာ မှီခိုနေထိုင်ရသဖြင့် မိသားစုအများစု မှာ ဆင်းရဲခြင်းသံသရာလည်နေကြရသည်။ ကျေးရွာရှိ လယ်ဧကအနည်း ငယ်မှာလည်း မိုးစပါးတစ်မျိုးသာ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရာသီတွင် လယ်သူ ရင်းငှား လုပ်ကိုင်ကြပြီး ကျန်အချိန်တွင် ကြုံရာကျပန်းရှာဖွေစားသောက်နေ ရသည်။ ရေလုပ်သားအများစုမှာလည်း အရင်းအနှီးမရှိကြ၍ လှေရှင်၊ ပိုက်ရှင်များထံမှ ငွေကြိုတင်ထုတ်သုံးထားသဖြင့် ငါးရသည့်အခါ သူတို့ သတ်မှတ်ဈေးနှင့်သာ ပြန်ရောင်းကြရသည်။

အိမ်ရှင်မတချို့မှာ ချေးငွေမလိုချင်ပါ။ မိမိတို့ကို ငွေလာချေးပေးလည်း တိုးပွားအောင်မလုပ်တတ်၍ စားသည့်၊ သုံးသည့်ထဲရောက်ပြီး ငွေပျောက် သွားမည်။ နေ့စဉ်ပုံမှန်ဝင်ငွေရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများကို မိမိတို့ရွာတွင် လာရောက်လုပ်ပေးစေချင်သည်။ တစ်နေ့ဝင်ငွေ တစ်ထောင် ရလျှင် တစ်ထောင်နှင့်ပင် လောက်အောင်သုံးမည်ဟု ပြောကြသည်။ အသေးစားအိမ်တွင်းမှုလုပ်ငန်း၊ ယိုစုံလုပ်ငန်း၊ အထည်ချုပ်အလုပ်ရုံငယ်များ လာရောက်တည်ထောင်ပေးပါက ပုံမှန်ဝင်ငွေတစ်ခု ရနိုင်မည်ဟု မျှော်လင့် ပါကြောင်း ပြောခဲ့ကြသည်။

ကျေးရွာတွင်နေထိုင်လျက်ရှိသည့် လူလတ်ပိုင်းနှင့် လူကြီးပိုင်းအမျိုး သား၊ အမျိုးသမီးအများစုမှာ စာရေးတတ်၊ ဖတ်တတ်ရုံမျှသာရှိ၍ ပညာ အခြေခံနိမ့်ကျသဖြင့် ဗဟုသုတနည်းပါးကြသည်။ မိရိုးဖလာရေလုပ်ငန်း၊ ဘောက်လုပ်ငန်းနှင့် ဈေးရောင်းခြင်းမှလွဲ၍ အခြားဝင်ငွေရမည့်လုပ်ငန်း များကို မလုပ်ကိုင်တတ်ကြပါ။ အမျိုးသားများအား လက်သမား၊ပန်းရန်စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးပြီး မြို့ပြများ ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့်ချိတ်ဆက်ပေးကာအလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးလျှင်၊ ရေလုပ်သားများအတွက် ဝင်ငွေရရှိနိုင်မည့် အခြားအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာရောက်ပါမည်။ နိုင်ငံ တော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ ချရေးအတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနေရာ အမှန်တကယ်လိုအပ် နေသော ကျေးရွာများသို့ ထောက်ပံ့မှုများရောက်ရှိအောင် မိမိတို့ထုတ်ချေးငွေ များလည်း အလဟဿမဖြစ်ရလေအောင် ယခင်ဆောင်ရွက်ခဲ့ပြီးသည့် လုပ်ငန်းစဉ်များကို သုံးသပ်၍ အားနည်းချက်များကို ပြုပြင်စေပြီး အားသာ ချက်များကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားပါက "ဆင်းရဲတွင်း လွတ်ကင်း အောင် လမ်းပြဆောင်ပါမည်" ဆိုသည့် သီချင်းစာသားကဲ့သို့ အကြွေးနွံနစ် နေသည့် ဆင်းရဲသားများကို အကြွေးသံသရာမှ လွတ်အောင် ပုံမှန်ဝင် ငွေတစ်ခုဖြင့် မိသားစုစားဝတ်နေရေးပြေလည်အောင် လမ်းပြဆောင်နိုင်ပါ လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး နှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားချေးငွေထုတ်ပေး ခဲ့ရာ ယခု ၂၀၁၄ ခုနှစ်တွင် ယခင် အတိုးနှုန်း ၂ ကျပ် ပြား ၅၀ မှ၊ ၁ ကျပ် ပြား ၅၀ အထိ လျှော့ချပြီး ထုတ်ချေးပေးမည်ဟု သိရှိ ရသည်"

လားဟူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော်ကျင်းပ

တာချီလိတ် ဇန်နဝါရီ ၆

လားဟူတိုင်းရင်းသားများစုပေါင်း နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော် မတီက ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် တာချီလိတ်ခရိုင်(၁၁)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်း နှစ်သစ်ကူးပွဲတော်နှင့် ရေပူစမ်းစံပြ ကျေးရွာ၌ (၁၆)ကြိမ်မြောက်စုပေါင်း နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ရှမ်းပြည်နယ်အရှေ့ ပိုင်း တာချီလိတ်မြို့နယ် ရေပူစမ်းစံပြ ကျေးရွာတွင် လားဟူတိုင်းရင်းသား များ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ် အလာများနှင့်အညီ နှစ်စဉ် အစဉ် အလာများ မပျက်ကျင်းပသည်။

အဆိုပါပွဲတော်တွင် လားဟူ တိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေ လှုရှိန်၊ ကျိုင်းတုံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစတီဖီ၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင် ဆွေတို့က နှစ်သစ်မင်္ဂလာ အမှာ စကား ပြောကြားပြီးနောက် လားဟူ တိုင်းရင်းသားများ ကိုယ်စား တာချီလိတ်ခရိုင် လားဟူစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဒေါက်တာ ယားဘိုရှီးက ကျေးဇူးတင်စကားပြော ကြားသည်။ လားဟူတိုင်းရင်းသား များသည် ရာသီနှစ်တစ်နှစ်တာကို တိရစ္ဆာန် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၃ ခုနှစ် ပူးနှစ်မှ ၂၀၁၄ ခုနှစ် မြင်းနှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ် တာ ရာသီကာလအတွင်း ကျင်းပကြ သည့် ပွဲတော်များထဲတွင် စုပေါင်းနှစ် သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးအကျယ်ဆုံး ပွဲတော်အဖြစ် သတ်မှတ်ထားရှိသည်။ တစ်နှစ်တာ ကာလအတွင်း ရှာဖွေစုဆောင်းရရှိ လာခဲ့သည့် ဥယျာဉ်ခြံမြေထွက် အသီးအနှံများနှင့်ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျားကို ပါဝင်လှူဒါန်းဆောင် ရွက်မှုပြုလုပ်ကြသည့် ပွဲတော်ကြီး တစ်ခုဖြစ်သည်။ ၎င်းတို့၏ အထိမ်း အမှတ်မှာ ဘူးပလွေဖြစ်ပြီး လားဟူတို့ ၏ ထင်ရှားသောအကမှာ ကာခေ့ပွဲဟု ခေါ်သော မြေအဝိုင်းအကဖြစ်သည်။ ထင်းရှူးပင်ငယ်တစ်ပင်ကိုအလယ်တွင် ထားပြီး ထင်းရှူးပင်ကိုဝိုင်းပတ်၍ တီးမှုတ်ကာ ကရသော အကတစ်မျိုး ဖြစ်သည်။ နှစ်သစ်ကူးတွင် "ဩော ပုတ် တေလေမော်ဒါအောလေး"ခေါ် ပုတ်ထောင်းရင်း ဆုံစည်းကြမယ် အဓိပ္ပာယ်ရသော သီချင်းကို သီဆို လေ့ရှိသည်။ ထူးခြားသော ယဉ်ကျေး မှုအစီအစဉ်တစ်ခုမှာ သက်ကြီးဝါကြီး များကို လူငယ်တွေက ရိုးရာလက် ဆေးမင်္ဂလာခံယူခြင်းဖြစ်သည်။

ယခင်ကာလများက လားဟူ တိုင်းရင်းသားများအနေဖြင့် နှစ်သစ် ကူးပွဲတော်များကိုတောင်ပေါ်ဒေသများ တွင်သာ တစ်မိသားစုအတွင်းဖြစ်စေ၊ တစ်ရွာချင်းဖြစ်စေ တကွဲတပြား ကျင်းပလာခဲ့ကြရာမှ ၂၀၀၃ ခုနှစ်မှ စတင်ကာ လားဟူတိုင်းရင်းသားများ အားလုံးစုပေါင်းကာ နှစ်သစ်ကူး ပွဲတော်ကို ကျိုင်းတုံမြို့၊ တာချီလိတ် မြို့နှင့် မိုင်းဆတ်ခရိုင်တို့၌ အလှည့်ကျ ဆင်ယင် ကျင်းပလာခဲ့ရာ (၁၁)ကြိမ် မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.24/HPGE/2013-2014

(က) Fire Fighting Vehicle(1600 Gallon) (၅)စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများအား ၂၀-၁-၂၀၁၄ရက် ၁၆း၀၀နာရီအရောက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၀၆၇-၄၁၁၀၇၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆၁/ခ၊ တကောင်း ၃ လမ်း၊ (၅)ရပ်ကွက်ဟုခေါ်တွင်သော ၂၀'×၆၀'၊ အကျယ်အဝန်းရှိသည့် ရေမီးအစုံအလင်ပါ နှစ်ထပ်အိမ်တစ်လုံးကို ဒေါ်နွဲ့နွဲ့ရီ ၁၂/ဥကတ(နိုင်)၀၄၁၆၇၅ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်လင်းထူး ၇/ရတရ(နိုင်)၀၀၁၅၈၁
ဖုန်း-၀၉-၅၀၀၉၅၈၈

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	008(SP)/HIE-1(STEEL)/2013-2014	Ball Bearing	49 Items	1 Lot
(ခ)	009 (Chem)/HIE-1(STEEL)/2013-2014	Chemical	33 Items	1 Lot
(ဂ)	010(SP)/HIE-1(STEEL)/2013-2014	Electrical	37 Items	1 Lot
(ဃ)	011(SP)/HIE-1(STEEL)/2013-2014	Hydraulic	19 Items	1 Lot
(င)	012(SP)/HIE-1(STEEL)/2013-2014	Pipe& Accessories	69 Items	1 Lot
(စ)	013(SP)/HIE-1(STEEL)/2013-2014	Weighting Scale	3 Items	1 Lot
(ဆ)	014(Lub)/HIE-1(STEEL)/2013-2014	စက်ဆီ/ချောဆီ	15 Items	1 Lot
(ဇ)	015(Lub)/HIE-1(STEEL)/2013-2014	Tools	38 Items	1 Lot

၂။ **တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက်** - ၆-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၁-၂၀၁၄ ရက် ၁၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း၊ (က)ရပ်ကွက်၊ သဇင်ပန်းလမ်း၊ အိမ်အမှတ် ၄၇/၄၉၊ မြေအကျယ်(၇၀'×၈၀') မြေကွက်အား မောင်နမခြောက်ဦးပိုင် အမွေဆိုင်မြေကွက်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး(ရ·ယ·က)ထံတွင် သဘောတူထားပြီးဖြစ်ပါ၍ ၎င်းမြေကွက်ပေါ်တွင် ကျွန်တော်၏ခွင့်ပြုချက်မရဘဲ ကန်ထရိုက်တိုက်ဆောက်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပေါင်နှံမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဆိုင်မင်း ၁၂/ဒဂတ(ယ)၀၁၂၆၀၉
ဖုန်း-၀၉-၃၁၂၉၈၀၅၂

အမြန်ပြန်လာပါ

ဓာတ်ပုံရှင် ဉာဏ်ဝင်းမောင်သည် နေအိမ်မှဆင်းသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းကို ဆက်သွယ်ပါ။ ကျေးဇူး ဆပ်ပါမည်။ (အန်တီမိုး စိတ်ပူ နေသည်။)

ဖုန်း-၀၁-၅၉၀၃၄၄၊၀၉-၇၃၀၈၉၉၁၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၁၆၊ မြေကွက်တည်နေရာအမှတ် ၃၁၆၊ ၆ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်စန်းစန်းအုန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းအုန်း SBO၀၉၄၉၀၃က နှစ် ၆၀ မြေငှားစာချုပ်ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

5G-5555 နံပါတ် ငွေကျပ် သိန်း ၄၀ ဖြင့် ဝယ်ယူ

ရန်ကုန် ဇန်နဝါရီ ၆

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)သည် နိုင်ငံတော်အတွက် ပြည်သူ့ဘဏ္ဍာငွေပိုမိုရရှိစေရန်နှင့်ပြည်ပမှတင်သွင်းလာသော ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း မိမိကြိုက်နှစ်သက်ရာ အပူးဂဏန်းနံပါတ်များကို ရွေးချယ်ဝယ်ယူခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ဝယ်ယူ

ကညန ရန်ကုန်(ရုံးချုပ်)ရှိ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် လေးလုံးအပူးဂဏန်းဖြစ်သော 5G-5555 နံပါတ်ကို ယာဉ်ပိုင်ရှင် တစ်ဦးက ငွေကျပ်သိန်း ၄၀ ဖြင့် ဝယ်ယူသွားကြောင်း၊ ယခင် 1G-5555နံပါတ်ကို ငွေကျပ်သိန်း ၂၀၊ 2G-5555နံပါတ်ကို ငွေကျပ် ၁၈ သိန်း၊ 3G-5555နံပါတ်ကို ငွေကျပ် ၁၈ သိန်းတို့ဖြင့် ဝယ်ယူကြောင်းသိရသည်။

ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာန၏ နောက်ဆုံးရောက်ရှိနံပါတ်မှာ 3G-8682၊ DD-3686 ဖြစ်ကြောင်း သိရသည်။ **အေးကို**

လားရှိုးအထက(၁) ရွှေရတုသဘင် ကျင်းပမည်

လားရှိုး ဇန်နဝါရီ ၆

လားရှိုးမြို့ အထက(၁)ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းတော်ကြီးတွင်ပညာသင်ကြားခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ **ဇော်လွင်(လားရှိုး)**

အင်းစိန်မြို့နယ်၌ အမျိုးသားအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

အမျိုးသားအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ၄ လမ်း (မြောက်) အမှတ်(၄၅၀)လမ်းထိပ်၌ ကျင်းပသည်။

အစီအစဉ်အရ အင်းစိန်မြို့နယ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ကြို့ကုန်းအရှေ့ရပ်ကွက် စာကြည့်တိုက်နာယက ဦးထိန်ဝင်းတို့က အမျိုးသားအလင်းရောင်စာကြည့်တိုက် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအပြီးတွင် ဖွင့်ပွဲတက်ရောက်လာကြသော ပရိသတ်များက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **မျိုးသန့်(အင်းစိန်)**

မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၉)ဆင်း

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းအမှတ်စဉ်(၉) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက အမှတ်(၂၇၅-ဘီ) ပြည်လမ်း စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာန၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးဘေးလုံခြုံရေး စီမံခန့်ခွဲမှုစနစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အနှောင့်အယှက်အဟန့်အတားဖြစ်သောမီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့်ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ကိုးနဝင်းကပ်ကျော် သိမ်ဦးစေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ထန်းတပင်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်သိမ်ဦးစေတီတော်ကြီး၏ (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှ ၁၇ ရက်အထိ အဆိုပါ ကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၅ ရက်တွင် မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရ(ထီလာ)ကလည်းကောင်း၊ ဇန်နဝါရီ ၆ ရက်တွင် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ)ကလည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် ဒေါက်တာအရှင်ဆေကိန္ဒ (ဓမ္မဒူတ)ကလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် အောင်ပရဟိတ ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ သူရိယနှင့် ဇန်နဝါရီ ၉ ရက်တွင် ထန်းတပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတ(ထန်းတပင်၊ ကမာရွတ်)တို့က ညစဉ် ၇ နာရီတွင် တရားတော်များဟောကြားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ ပဌာန်းရွတ်ဆိုပွဲ၊ စာရေးတံမဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ခြင်းလုံးအလှခတ်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၇)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကံမမြို့၌ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

ကံမ ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့၏ ပြည်သူ့အားကစားကွင်း၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကပြဖျော်ဖြေနေသည့် ကဇာတ်ရုံတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု(ပွဲတက်ဝတ်စုံ) ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။ အဆိုပါပြိုင်ပွဲသို့ ကံမမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများကို ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သူ အမျိုးသမီးငယ် ၁၈ ဦးရှိပြီး ဆုရရှိသူများအား သရက်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇရာဝတီ(ရတနာသိခ်)တံတားပေါ်မှ ခုန်ချသူ အခင်းဖြစ်နေရာ၌ သေဆုံး

စဉ့်ကူး ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲ ဧရာဝတီတံတား (ရတနာသိခ်)အနောက်ဘက်ခြမ်းရှိ တံတားအမှတ် (RP-1)နှင့် (2) အကြား တံတားပေါ်မှ ခုန်ချသူတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃ရက်က စဉ့်ကူးမြို့အမှတ်(၂)ရပ်ကွက်နေ ကိုဟန်ဝင်းထွန်း (၃၇ နှစ်)သည် စဉ့်ကူးမြို့မှကျောက်မြောင်းမြို့သို့ ဆိုင်ကယ်ဖြင့်တစ်ဦးတည်းထွက်လာခဲ့ပြီး တံတားအရောက်တွင် တာဝန်ကျသူ ဒုရဲအုပ်စည်သူမျိုးနှင့် အရပ်သား ဇော်မြင့်ထွန်းတို နှစ်ဦးနှင့်အတူ ကျောက်မြောင်း ဘက်သို့ဆိုင်ကယ်နှစ်စီးဖြင့် သွားရောက် ပြီး အပြန် ည ၁၀ နာရီခန့်တွင် ကိုဟန်ဝင်းထွန်းသည် ဧရာဝတီ (ရတနာသိခ်) တံတား (RP-1) နှင့် (2) အကြားအရောက်တွင် ဆိုင်ကယ်ကို ဒေါက်ထောက် ရပ်ကာ ရုတ်တရက် တံတားပေါ်မှ ခုန်ချပြီး အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။ ၎င်းနှင့်အတူ လိုက်ပါခဲ့သူ အဖော်နှစ်ဦးက ခုန်ချတော့မည်ဟု သိရှိရချိန်တွင် အလျင်အမြန်အော်ဟစ်ပြေးလွှား တားဆီးခဲ့သော်လည်း ရုတ်တရက်ခုန်ချသေဆုံးသွားကြောင်းနှင့် ၎င်းသည်မသေခင်ဖုန်းဆက်သွယ် ပြောဆိုရာမှ သူ၏ဇနီးဖြစ်သူနှင့်နေအိမ်တွင်စကားများအဆင်မပြေဖြစ်ခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့၏ပြောဆိုချက်အရ သိရသည်။ အဆိုပါ တံတားပေါ်မှ ခုန်ချသေဆုံးမှုနှင့်ပတ်သက်၍ ကျောက်မြောင်းနယ်မြေခံရဲစခန်းမှ စခန်းမှူးရဲအုပ်ဝင်းနိုင်က အမှုဖွင့် အစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၃၃)**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၃၀၉၊ မြေကွက်တည်နေရာအမှတ် ၃၀၉၊ (၁၃၀)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်စန်းစန်းအုန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းအုန်း SBO-၀၉၄၉၀၃မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန် ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၆၊ မြေကွက်အမှတ် ၈၃၀၊ အမည်ပေါက် ဦးဘတင် ၉/မနမ(နိုင်)၁၀၂၃၀၄မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၆)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မွေးနေ့မင်္ဂလာဆုတောင်း

၇-၁-၂၀၁၄ မင်္ဂလာရက်မှာ ကျရောက်သော ဉာဏ်ရည်ထက်မြက်ပြီး နှလုံးလှတဲ့ သမီးလေး လင်းလက်အမရာစံ(ခ)နိုးနိုး၊ Network International School Foundation(II) ၏ (၅)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်း(၁၂၀)တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာကိုစောင့်ရှောက်နိုင်ပါစေ။ ပညာပြည့်ဝ၍ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အမျိုးကောင်းသမီးရတနာလေး ဖြစ်ပါစေ-

ဖိုးချစ်	**ဦးစံငြိမ်း-ဘွားဘွား-ဒေါ်တင်မာညို**
ပါးချစ်	**စိုင်းကျော်လင်းလတ်-မေမေ ဒေါ်စန္ဒာငြိမ်း**
ဦးလေး	**ဦးဖြိုးဝေငြိမ်း**
ညီမလေး	**နီတုံ**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၄၅၄၈၃ Shayan 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှရီ ၁၂/ကမရ(နိုင်)၀၁၈၆၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (နေပြည်တော်)**

ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်နေ ကျွန်မ မကြည်ကြည်ခိုင် ၅/ရဥန(နိုင်)၀၀၂၀၆၆ နှင့် မောင်ဗိုလ်ငွေး ၅/ရဥန(နိုင်)၀၀၁၁၄၀ တို့သည် ၆-၂-၂၀၁၂ရက်တွင် အောင်ဆန်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရှေ့၌ နှစ်ဦး သဘောတူ လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီး ပစ္စည်းခန်း လည်း ခွဲဝေခဲ့ပြီးဖြစ်ပါကြောင်း။

မကြည်ကြည်ခိုင်

မွေးနေ့ဆုတောင်း

ဇန်နဝါရီ သားအဖများအတွက် မွေးနေ့ဆုတောင်း ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်နေ့တွင် ကျရောက်သော သားကြီး ထက်စွမ်းပြည့်၊ ဇန်နဝါရီ ၈ရက်တွင် ကျရောက်သော သားငယ် ညီစွမ်းပြည့်နှင့် ဇန်နဝါရီ ၁၈ရက်တွင် ကျရောက်သော ညီ ကိုအောင်လွင်ဦး(ကချင်ပြည်နယ်) တို့၏ ဇန်နဝါရီမွေးနေ့မှသည် နှစ်ပေါင်း ၁၂၀ တိုင်အောင် ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဦးကျော်သူရ၊ ဦးရဲတင့်၊ ဦးသန်းထွန်း၊ ဦးငွေစိုး၊ ဦးရဲမင်း၊ ဦးထွန်းထွန်းသူ(နေပြည်တော်မိသားစု)၊ ဦးသန့်စင်၊ ဦးထိန်ဝင်း(ပဲခူးမိသားစု)၊ ဦးဝေလင်း၊ ဦးစံရှိန်၊ ဦးစိုးမင်းသန်၊ ဦးစိုးမြင့်(ရန်ကုန်မိသားစု)၊ ဦးဇော်မိုးလွင်၊ ဦးနန္ဒကျော်စွာ(မွန်ပြည်နယ်မိသားစု)၊ ဦးလှမြင့်ထူး(ဧရာဝတီ)၊ ဦးစောထွန်းခိုင်၊ ဦးစိုင်းခမ်းကော်၊ ဦးသန်းထိုက်အောင်(ရှမ်း)၊ ဦးဆန်းညွှန့်အောင်(မကွေး)၊ ဦးမျိုးမြင့်(မန္တလေး)နှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့သားများ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ ဇေယျာသီရိ(၁)လမ်း၊ မြေကွက်အမှတ် ၄၃၉၊ မြေအကျယ်အဝန်း (၄၁ပေ×ပေ၆၀)အနက်မှ ခေါင်းရင်းခြမ်း (၂၁ပေ×ပေ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်တင်တင်မေ ISN-၂၀၀၇၃၈အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်ဆက်စပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်မိုးမိုးလွင် ၁၂/သဃက(နိုင်)၀၂၂၂၆၉က ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

မှုခင်းသတင်းနှင့်ကြော်ငြာ

ကောလင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

ကောလင်း ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကိုင်းဝန်းကျေးရွာတွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက ကောလင်းရဲစခန်းမှူး နယ်ထိန်းဒုရဲအုပ်တင်မိုးနှင့်အဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၏ မူးယစ်ဆေးဝါးပပျောက်ရေးစီမံချက်အရ သက်သေများနှင့်အတူ သတင်းအရ ကိုင်းဝန်းကျေးရွာတွင် မောင်မြင့်ဆိုသူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်တွင် မောင်မြင့်နှင့်မောင်အေးတို့နှစ်ဦးကို တွေ့ရှိရပြီး မောင်မြင့်ဝတ်ဆင်ထားသော ဂျင်းအကျႌအိတ်ကပ်အတွင်းမှ ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ခန့်စီပါသော ပင်နီဆီလင်ပုလင်း နှစ်လုံး၊ စုစုပေါင်း အလေးချိန် ၀ ဒသမ ၅ ဂရမ်ကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူမောင်မြင့် (၄၂ နှစ်) နှင့် မောင်အေး (၄၈နှစ်) ကိုင်းဝန်းကျေးရွာ ကောလင်းမြို့ နေသူတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက ချောင်းနားရဲစခန်းမှူး ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ဝင်းဗိုလ်ဆိုသူအား ကိုင်းဝန်းကျေးရွာအနီးလမ်းပေါ်တွင် တွေ့ရှိရ၍ သက်သေများရှေ့တွင်ရှာဖွေရာ ၄င်းလွယ်ထားသော မြင်းချေးရောင်အိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးကို ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။ သို့ဖြစ်ပါ၍ ပြစ်မှုကျူးလွန်သူ ဝင်းဗိုလ် (၄၀ နှစ်) ရုံးပင်ရွာ ကနီအုပ်စု ပင်လည်ဘူးမြို့နယ်နေသူကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ဆိုင်ကယ်အရှိန်မထိန်းနိုင်၍ ခြေကျင်လျှောက်သူကိုတိုက်

ဖြူး ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းတောင်ဘက်အနီးတွင် ဖြူးမြို့တွင်းမှ ဖြူးချောင်းဘက်သို့ ခြေကျင်လမ်းလျှောက်လာသူကို ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင် တိုက်မိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် သိန်းဇော်မြင့်နှင့် ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်သိန်းတို့က သွားရောက်စစ်ဆေးရာ ဖြူးမြို့ မြို့မအရှေ့ရပ်ကွက် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင်အမှတ် (၁၄၂/၄) နှင့် (၁၄၂/၅)ကြား ဖြူးချောင်းတံတားတောင်ဘက်အဆင်း ဇေယျဝတီဘက်မှ ဖြူးမြို့ဘက်သို့ ဦးမြင့်သိန်း(၅၇ နှစ်) ကြက်တက်ညောင်ပင်သာရွာ ကျောက်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ ဦးလှထွန်း (၅၅ နှစ်)စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အမှတ် ၂၄ယ/--- လေ့ဂျား ၁၁၀ အမျိုးအစား အနက်ရောင်ဆိုင်ကယ်သည် ဖြူးမြို့တွင်းဘက်မှ ဖြူးချောင်းဘက်သို့ ခြေကျင်လမ်းလျှောက်လာသူ မယဉ်ယဉ်အေး ဗိုလ်ချုပ်ကွက်သစ် ၃၆ လမ်း အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နေသူကို မျက်နှာချင်းဆိုင် ဝင်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဖြူ နီ ကြား အမှတ်အသား သစ်သားတိုင်ကို ဆက်လက်တိုက်မိသည်။

ယင်းသို့တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဦးမြင့်သိန်းတွင် ဒဏ်ရာများရရှိသဖြင့် ဖြူးပြည်သူ့ဆေးရုံသို့တင်ပို့စဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးပြီး နောက်မှ လိုက်ပါစီးနင်းသူ ဦးလှထွန်းနှင့် အတိုက်ခံရသူ မယဉ်ယဉ်အေးတို့တွင် ဒဏ်ရာများရရှိသဖြင့် ဖြူးပြည်သူ့ဆေးရုံ၌ အတွင်းလူနာများအဖြစ် တက်ရောက်ကုသနေရသည်။ ဆိုင်ကယ်အား မဆင်မခြင် မောင်းနှင်သူ ဦးမြင့်သိန်းအား(သေဆုံး) ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ကမ်းပါးယံမှ မြေစာများ ပြိုကျသဖြင့် သုံးဦးသေ၊ သုံးဦးဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၆

ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်ကျေးရွာ ဆယ်ကုန်းရွှေမှော် ဟောင်းတွင် မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နေ ဝင်းတင် (၄၂နှစ်) ပါ ခြောက်ဦးသည် ကျင်းဟောင်း အတွင်း တရားမဝင် ရွှေမျှောလုပ်ကိုင်နေစဉ် အမြင့် ၂၅ ပေခန့်ရှိ ကမ်းပါးယံမှမြေစာများ ရုတ်တရက် ပြိုကျခဲ့သဖြင့် ဝင်းတင်နှင့် ဂန့်ဂေါမြို့နေသူများဖြစ်သည့် ဆန်းလင်းဦး (၂၁နှစ်)၊ ဇော်ထွန်း(၂၈နှစ်) တို့သုံးဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဆင်ဖြူကျွန်းမြို့နေ အောင်ဇော်ဝင်း (၂၉နှစ်)ပါ သုံးဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။ ထိုသို့ မြေစာပိ၍ လူများ သေဆုံး/ဒဏ်ရာရရှိကြောင်း သတင်းအရဆယ်ဇင်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ပြီးသေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအား တာမခန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကာ ဆယ်ဇင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မော်လမြိုင် ဇန်နဝါရီ ၆

မွန်ပြည်နယ် ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးလွင် လမိုင်းရဲစခန်းမှူးရဲအုပ်အေးငြိမ်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ လမိုင်းမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဝင်းခိုင်တို့ ပါဝင်သည့်အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် ည ၉ နာရီခန့်က လမိုင်းမြို့နယ်ခွဲ မြို့မ(၃)ရပ်ကွက် ဗန္ဓုလလမ်း အမှတ် ၇၉ နေ စိုးမြင့်(ခ)အမွန် (၄၀ နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်နောက်ဖေးရှိ အမှိုက်ပုံးနှင့်စက္ကူပုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ နေအိမ်အိပ်ခန်းအတွင်းမှ ဆေးပြား ၁၉၅၀ စုစု ပေါင်းဆေးပြား၂၇၅၀၊ အလေးချိန် ၂၇၅ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် တစ်ပြားလျှင် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၅ သိန်းနှင့် ဆေးပြားရောင်းရငွေ ကျပ်သုံးသိန်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စိုးမြင့်(ခ) အမွန်အား လမိုင်းမြို့နယ်ခွဲရဲတပ်ဖွဲ့စခန်းကမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။**(လ/၀၁၂)**

ခင်ဦးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ခင်ဦး ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလဲကုန်းကျေးရွာ၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီ ၁၀မိနစ်က နေအိမ်မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဝိုင်းဝန်းငြိမ်းသတ်

မြို့နယ် မီးသတ်တပ်ဖွဲ့သည် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် တယ်လီဖုန်းသတင်းအရ ယင်းမီးလောင်ရာသို့ သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း၊ ရွာအနောက်ပိုင်းရှိ ဒေါ်ချစ်စု (၇၈ နှစ်)၏ နေအိမ် မီးဖိုမှစတင်လောင်ကျွမ်းပြီး ၈ နာရီခွဲတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးဖိုမှ နေအိမ်ကို ကူးစက်လောင်ကျွမ်းရာ (၂×၃) ခန်း၊ သွပ်မိုး၊ ဝါးကပ်ကာ၊ ကြမ်းခင်းနေအိမ်တစ်လုံး အနည်းငယ် လောင်ကျွမ်းကြောင်း၊ အဆိုပါမီးလောင်ရာသို့ ခင်ဦးမှ မီးသတ်ယာဉ် တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၀ နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ရောင်နီတင်ဝင်း

မဲဇာမြစ်အနီးရှိ တောတောင်အခင်းအချို့တွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများပျံ့နှံ့လျက်ရှိ

အင်းတော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စုအတွင်းရှိ ပျဉ်ထောင်ကုန်းရွာ၊ လဝါကုန်းရွာ၊ လောင်းစုရွာ အနီးဝန်းကျင်ရှိ ယာခင်းအချို့နှင့်တောတောင်သွားလမ်းနေရာဒေသ အချို့တွင် တရားမဝင်မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှုများ မကြာခဏ ရှိနေကြောင်း သိရသည်။

"ကျွန်မတို့ ကျေးရွာအနီးဝန်းကျင်မှာရှိတဲ့ အခင်းသွားလမ်းအချို့တွေမှာလည်း တရားမဝင်မူးယစ်ဆေးဝါး ဘိန်းဖြူ ဘိန်းမည်းတွေရောင်းဝယ်ဖောက်ကားနေတာတွေရှိနေကြတယ်။ ကျွန်မတို့ရွာက မဲဇာမြစ်တစ်ဖက်ကမ်းမှာဆိုတော့ တောတောင်တွေနဲ့လည်း နီးစပ်တယ်။ ပျဉ်ထောင်ကုန်းရွာနဲ့ လဝါကုန်းရွာ သွားလမ်းဘေးတွေမှာဆိုရင်လည်း နည်းနည်းချောင်ကျတဲ့ အခင်းတွေကို ဝင်ပြီး ချုံတွေထဲမှာ အရောင်းအဝယ်တွေ မကြာခဏလုပ်ကိုင်လေ့ရှိကြတယ်။ ဒါတွေကို သက်ဆိုင်ရာက မျက်ခြည်မပြတ်အရေးယူနိုင်ပါစေလို့ ဆုတောင်းနေရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ဒေသမှာရှိတဲ့ လူငယ်လူရွယ်တွေ ပျက်စီးသွားမှာကို စိုးရိမ်လို့ပါ"ဟု အင်းတော်မြို့နယ်မှ မိန်းကလေးတစ်ဦးက ပြောကြားသည်။

(လ/၀၀၂)

ယာဉ်မဆင်မခြင်မောင်းနှင်ရာမှ လမ်းဘေးထနောင်းပင်ကို ဆိုင်ကယ်ဖြင့် ဝင်တိုက်မှုဖြစ်ပွား

မြောင် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြို့သစ်ရပ်ကွက်၌ ယာဉ်မဆင်မခြင်မောင်းနှင်ရာမှ ဆိုင်ကယ်အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဘေးရှိ ထနောင်းပင်ကို ဝင်တိုက်မိပြီး ဆိုင်ကယ်စီးသူများ ဒဏ်ရာများရရှိကြောင်း သိရသည်။

ဒဏ်ရာရရှိ

